mgyoe.com
စိတ်ကူးချိုချိုအနုပညာ

၈ တန်း၊ ၉ တန်း၊ တက္ကသိုလ်ဝင်တန်း၊ ကောလိပ်နှင့်
တက္ကသိုလ်ကျောင်းသား/ကျောင်းသူများသာမက
အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို အခြေခံမှစ၍ အဆင့်မြင့်အထိ
စနစ်တကျ လိုရင်းတိုရှင်း လေ့လာလိုသူများအတွက်

# Essential English Grammar

# အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ

စိုးမြင့်

လေ့ကျင့်ခန်းများနှင့် အဖြေများ အပြည့်အစုံ ပါရှိသည်။

ပဉ္စမအကြိမ်

mgyoe.com

mgyoe.com

# Essential English Grammar

# အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ

## စိုးမြိုင်

- အင်္ဂလိပ်သဒ္ဒါ သင်ရိုးတစ်ခုလုံးကို အခြေခံမှစ၍ အမြင့်ဆုံးအဆင့်အထိ ပြည့်ပြည့်စုံစုံ ပီပီပြင်ပြင် ဂယနဏ ခေတ်အမီဆုံး ရှင်းလင်းပို့ချတင်ပြထားသဖြင့် ဆရာ မပါဘဲ လေ့လာတတ်မြောက်နိုင်သည်။

- အခန်းတစ်ခန်းပြီးတိုင်း လေ့ကျင့်ခန်းများ ပူးတွဲပါရှိသည့်အပြင် စာအုပ်အဆုံး၌ အဖြေများကို ဖော်ပြထား၍ လေ့လာသူများသည် လေ့ကျင့်ခန်းများကို ပြုလုပ်ပြီးနောက် မှန်၊ မမှန် အဖြေများနှင့် တိုက်ကြည့်နိုင်သည်။

- ဤစာအုပ်သည် သဒ္ဒါစာအုပ်ပင် ဖြစ်လင့်ကစား နမူနာဝါကျများနှင့် လေ့ကျင့်ခန်းများကို အင်္ဂလိပ်စကားပြောဟန်ဖြင့် တင်ပြထားသောကြောင့် သင့်အား အင်္ဂလိပ်စာကိုသာမက အင်္ဂလိပ်စကားပြောကိုပါ စနစ်တကျ နည်းမှန်လမ်းမှန် တတ်ကျွမ်းလာစေမည်။

USM0004
2,000.00 KS

mgyoe.com

mgyoe.com

အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ၊ စိုးပြိုင်
စာမျက်နှာ ၁၇၀ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ပဌမအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈ ဆုစာပေ၏ စတုတ္ထအကြိမ်မှ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ
# ESSENTIAL ENGLISH GRAMMAR

စိုးမြိုင်

ဖြည့်စွက်၊ တိုးချဲ့၊ တည်းဖြတ်ထားသောမူ

ပဉ္စမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

## ဆရာကြီး ဦးစိုးမြိုင်၏
## အင်္ဂလိပ်စာလေ့လာသင်ယူရေး စာအုပ်ကောင်းများ

၁။ အမြဲတမ်းအင်္ဂလိပ်အီဒီယမ်များ
၂။ ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား
၃။ အင်္ဂလိပ်စကားပြောနည်း – ၉၀၀ (CD ပါ)
၄။ အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ
၅။ လက်တွေ့အင်္ဂလိပ်သဒ္ဒါ
၆။ မိသားစုအယ်ဘန် U.S.A (ပေါင်းချုပ်)
၇။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကူရာများ A
၈။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကူရာများ B
၉။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကူရာများ C
၁၀။ ဝိဘတ်နှင့်တွဲသော အင်္ဂလိပ်စာအသုံးအနှုန်းများ
၁၁။ အမေရိကန်အီဒီယမ်
၁၂။ ပုပ္ပါးမှာတစ်ခါကြုံတယ်
(မြန်မာမှ အင်္ဂလိပ်ဘာသာပြန်လေ့လာချက်)

---

စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဆက်တိုက် ပြန်လည်ထွက်ရှိလာပါမည်။

mgyoe.com

mgyoe.com

# CONTENTS
# မာတိကာ


| သင်ခန်းစာ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | GRAMMAR သဒ္ဒါ | ၁၁ |
| ၂။ | LETTER OR ALPHABET အက္ခရာ | ၁၁ |
| ၃။ | EIGHT PARTS OF SPEECH | |
| | ဝါစင်္ဂရှစ်မျိုး သို့မဟုတ် စကားလုံးရှစ်မျိုး | ၁၁ |
| ၄။ | THE NOUN နာမ် | ၁၁ |
| | KINDS OF NOUN နာမ်အမျိုးအစားများ | ၁၁ |
| | GENDER OF NOUN နာမ်အထီးအမ ခွဲခြားခြင်း | ၁၄ |
| | THE PRONOUN နာမ်စား | ၁၅ |
| | FIVE DIFFERENT FORMS OF PRONOUNS | ၁၆ |
| | အသွင်ကွဲ နာမ်စားသဏ္ဌာန် (၅)မျိုး | |
| | ADJECTIVE နာမဝိသေသန | ၁၆ |
| | KINDS OF ADJECTIVE နာမဝိသေသနအမျိုးအစားများ | ၁၇ |
| | DEGREE OF ADJECTIVE နာမဝိသေသန (အဆင့်) | ၁၇ |
| | THE VERBS ကြိယာများ | ၁၈ |
| | VERBS FORMS ကြိယာသဏ္ဌာန် | ၁၈ |
| | THE ADVERB ကြိယာဝိသေသန | ၁၈ |
| | THE PREPOSITION ဝိဘတ် | ၁၉ |
| | THE CONJUNCTION ဆက်သွယ်ပေးသည့်စကား | ၁၉ |
| | THE EXCLAMATION OR INTERJECTION | ၂၀ |
| | အာမေဋိတ်စကား သို့မဟုတ် တအံ့တသြပြောသည့်စကား | |
| ၂။ | SUBJECT အကြောင်းအရာ | ၂၀ |
| | MAIN VERB အဓိကကြိယာ | ၂၁ |
| | TRANSITIVE VERB ကံလိုသောကြိယာ | ၂၁ |


mgyoe.com

mgyoe.com

# CONTENTS
# မာတိကာ


| သင်ခန်းစာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | OBJECT ကံပုဒ် | ၂၂ |
| | POSSESSIVE CASE ပိုင်ဆိုင်မှုသင်္ကေတ | ၂၃ |
| ၃။ | SENTENCE, CLAUSE, PHRASE | ၂၄ |
| | ဝါကျ၊ ကလော့စ်၊ ဖရေ့စ် | |
| | SENTENCE ဝါကျ | ၂၄ |
| | CLAUSE ကလော့စ်စကားစု | ၂၅ |
| | PHRASE ဖရေ့စ်စကားစု | ၂၅ |
| | PHRASING ရှပ်ထွက်ခြင်း | ၂၇ |
| | THE PUNCTUATIONS ပုဒ်ဖြတ်၊ ပုဒ်ရပ် | ၂၇ |
| ၄။ | KIND OF SENTENCES | ၂၈ |
| | ဝါကျအမျိုးအစားများ | |
| | PERSONAL PRONOUNS ပုဂ္ဂလနာမ်စားများ | ၂၈ |
| | ဝါကျ(၄)ကြောင်းကို PERSON များဖြင့် တည်ဆောက်ခြင်း | ၂၉ |
| | FIRST PERSON ပထမလူ (အနည်း/အများ) | ၃၀ |
| | SECOND PERSON ဒုတိယလူ (အနည်း/အများ) | ၃၀ |
| | THIRD PERSON တတိယလူ (အနည်း/အများ) | ၃၀ |
| ၅။ | ARTICLES နာမ်ညွှန်းစကားလုံးများ | ၃၃ |
| | A, AN, THE | ၃၃ |
| | A ရဲ့ အသုံးအနှုန်း | ၃၃ |
| | AN ရဲ့ အသုံးအနှုန်း | ၃၃ |
| | THE ရဲ့ အသုံးအနှုန်း | ၃၃ |
| | ARTICLES OR DETERMINERS | ၃၄ |
| ၆။ | အလွတ်ကျက်မှတ်ရန်စကားလုံးများ | ၃၆ |


mgyoe.com

mgyoe.com

# CONTENTS
# မာတိကာ


| သင်ခန်းစာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | NOUN OR PRONOUN + BE + NOUN ရေးနည်း<br>SIMPLE PRESENT TENSE<br>ရိုးရိုးပစ္စုပ္ပန်ကာလဖြင့် ရေးသားခြင်း | ၃၇ |
| ၈။ | SIMPLE PAST TENSE<br>ရိုးရိုးအတိတ်ကာလဖြင့်ရေးသားခြင်း | ၄၂ |
| ၉။ | SIMPLE FUTURE TENSE<br>ရိုးရိုးအနာဂတ်ကာလဖြင့်ရေးသားခြင်း | ၄၆ |
| ၁၀။ | NOUN OR PRONOUN + BE + PLACE ရေးနည်း<br>နေရာပြစကားလုံး/စကားစုများ<br>SIMPLE PRESENT TENSE<br>ရိုးရိုးပစ္စုပ္ပန်ကာလဖြင့်ရေးသားခြင်း | ၅၈ |
| ၁၁။ | SIMPLE PAST TENSE<br>ရိုးရိုးအတိတ်ကာလဖြင့်ရေးသားခြင်း | ၆၂ |
| ၁၂။ | SIMPLE FUTURE TENSE<br>ရိုးရိုးအနာဂတ်ကာလဖြင့်ရေးသားခြင်း | ၆၃ |
| ၁၃။ | NOUN (OR PRONOUN)+BE+ADJECTIVE ရေးနည်း<br>အလွတ်ကျက်ရန် နာမဝိသေသနများ<br>SIMPLE PRESENT TENSE<br>ရိုးရိုးပစ္စုပ္ပန်ကာလဖြင့်ရေးသားခြင်း | ၆၆ |
| ၁၄။ | SIMPLE PAST TENSE<br>ရိုးရိုးအတိတ်ကာလဖြင့် ရေးသားခြင်း | ၆၈ |
| ၁၅။ | SIMPLE FUTURE TENSE<br>ရိုးရိုးအနာဂတ်ကာလဖြင့် ရေးသားခြင်း | ၇၁ |


mgyoe.com

mgyoe.com

# CONTENTS
## မာတိကာ


| သင်ခန်းစာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | NOUN (OR PRONOUN)+BE+PRESENT PARTICIPLE ရေးနည်း | ၇၆ |
| | PRESENT CONTINUOUS TENSE | ၇၆ |
| | ပစ္စုပ္ပန်ဆက်လက်ကာလဖြင့် ရေးသားခြင်း | |
| ၁၇။ | PAST CONTINUOUS TENSE | ၇၈ |
| | အတိတ်ဆက်လက်ကာလဖြင့် ရေးသားခြင်း | |
| ၁၈။ | FUTURE CONTINUOUS TENSE | ၈၀ |
| | အနာဂတ်ဆက်လက်ကာလဖြင့်ရေးသားခြင်း | |
| ၁၉။ | NOUN (OR PRONOUN)+BE+PAST PARTICIPLE ရေးနည်း | ၈၂ |
| | PASSIVE VOICE | |
| | SUBJECT က ခံရကြောင်းဖော်ပြသော ဝါကျများ | |
| | SIMPLE PRESENT TENSE | ၈၂ |
| | ရိုးရိုးပစ္စုပ္ပန်ကာလဖြင့်ရေးသားခြင်း | |
| ၂၀။ | SIMPLE PAST TENSE | ၈၄ |
| | ရိုးရိုးအတိတ်ကာလဖြင့် ရေးသားခြင်း | |
| ၂၁။ | SIMPLE FUTURE TENSE | ၈၆ |
| | ရိုးရိုးအနာဂတ်ကာလဖြင့် ရေးသားခြင်း | |
| ၂၂။ | VERB TO DO (ACTION VERBS) | ၈၈ |
| | ပြုမူလှုပ်ရှားမှုများကိုဖော်ပြသော ကြိယာများ | |
| | VERB AND THEIR MEANINGS | ၉၁ |
| | ကြိယာများနှင့် အဓိပ္ပာယ်များ | |
| | VERB FORMS ကြိယာသဏ္ဌာန်များ | ၉၄ |
| | SIMPLE PRESENT TENSE | ၉၅ |
| | ရိုးရိုးပစ္စုပ္ပန်ကာလဖြင့် ရေးသားခြင်း | |


mgyoe.com

mgyoe.com

# CONTENTS
# မာတိကာ


| သင်ခန်းစာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | SIMPLE PAST TENSE<br>ရိုးရိုးအတိတ်ကာလဖြင့် ရေးသားခြင်း | ၉၉ |
| ၂၄။ | SIMPLE FUTURE TENSE<br>ရိုးရိုး အနာဂတ်ကာလဖြင့် ရေးသားခြင်း | ၁၀၃ |
| ၂၅။ | ADVERB OF MENNER<br>လုပ်နည်းလုပ်ဟန်ပြ ကြိယာဝိသေသနများ | ၁၁၂ |
| | ADVERB OF PLACE<br>နေရာပြကြိယာဝိသေသနများ | ၁၁၃ |
| | ADVERB OF TIME<br>အချိန်ပြ ကြိယာဝိသေသနများ | ၁၁၅ |
| | THE PREPOSITION ဝိဘတ်များ | ၁၁၆ |
| | THE CONJUNCTION ဆက်သွယ်ပေးသည့် စကား | ၁၁၉ |
| ၂၆။ | W/H QUESTIONS<br>W/H နှင့် စတင်သည့် မေးခွန်းများ | ၁၂၄ |
| | INTERROGATIVE PRONOUNS မေးခွန်းမေးသော နာမ်စားများ | ၁၂၈ |
| | INTERROGATIVE ADVERBS<br>မေးခွန်းမေးသောကြိယာဝိသေသနများ | |
| | INTERROGATIVE ADJECTIVES<br>မေးခွန်းမေးသော နာမဝိသေသနများ | ၁၃၀ |
| ၂၇။ | QUESTION SENTENCES အမေးဝါကျများ | ၁၃၁ |
| | REQUEST AND COMMAND SENTENCES<br>အမိန့်ပေး တောင်းပန်ဝါကျများ | ၁၃၂ |
| | STATEMENT SENTENCES အဆိုပြုဝါကျများ | ၁၃၃ |


mgyoe.com

mgyoe.com

# CONTENTS
# မာတိကာ


| သင်ခန်းစာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | NOMINATIVE CASE ကတ္တားသဗ္ဗာန် | ၁၃၅ |
| ၂၉။ | OBJECTIVE CASE ကံသဗ္ဗာန် | ၁၃၆ |
| ၃၀။ | ACTIVE VOICE AND PASSIVE VOICE ပြုလုပ်ကတ္တားဝါကျနှင့် ခံရကတ္တားဝါကျ | ၁၃၇ |
| ၃၁။ | DIRECT SPEECH AND INDIRECT SPEECH တိုက်ရိုက်ပြောစကားနှင့် တစ်ဆင့်ပြောစကား | ၁၃၉ |
| | STATEMENT အဆိုပြုဝါကျများ | ၁၄၁ |
| | QUESTIONS အမေးဝါကျများ | ၁၄၂ |
| | REQUESTS AND COMMANDS တောင်းပန်ဝါကျများနှင့် အမိန့်ပေးဝါကျများ | ၁၄၄ |
| ၃၂။ | EXCLAMATIONS အာမေဋိတ်ဝါကျများ | ၁၄၄ |
| ၃၃။ | FORMATION OF THE TENSES ကာလများကို ဖွဲ့စည်းပုံ | ၁၄၅ |
| ၃၄။ | SIMPLE SENTENCE, COMPOUND SENTENCE, COMPLEX SENTENCE | ၁၄၈ |
| ၃၅။ | TENSES ကာလများ | ၁၅၆ |
| ၃၆။ | EXERCISES လေ့ကျင့်ခန်းများအတွက်အဖြေများ | ၁၅၉ |


mgyoe.com

mgyoe.com

# သင်ခန်းစာ (၁)

# Grammar

# သဒ္ဒါ

Grammar (သဒ္ဒါ)ဆိုသည်မှာ ဘာသာစကားတစ်ခု၏ စာရေးနည်း စကားပြောနည်း "စနစ်" ဖြစ်သည်။ စာရေးသည့်အခါ စကားပြောသည့်အခါ "အက္ခရာ"တွေကို စကားလုံးဖြစ်အောင် ပထမ စုစည်းရသည်။ ပြီးလျှင် စကားလုံးတွေကို "ဝါကျ" ဖြစ်အောင် ဖွဲ့စည်းရသည်။

(စကားလုံး = word) (ဝါကျ = sentence)

## LETTER OR ALPHABET

### အက္ခရာ

Letter သည် အက္ခရာအပြင် ပေးစာဟုလည်း အဓိပ္ပါယ်ရသည်။ A,B,C စသည့် စကားလုံးတွေကို Letter or Alphabet အက္ခရာ ဟုလည်း ခေါ်သည်။ အက္ခရာမှာ အမျိုးအစား နှစ်မျိုးရှိပါသည်။

၁။ A,B,C ကို အက္ခရာအကြီး Capital Letter ဟုခေါ်သည်။

၂။ a,b,c ကို အက္ခရာအသေး Small Letter ဟုခေါ်သည်။

မှတ်ချက် - အင်္ဂလိပ်အက္ခရာ ၂၆ လုံးရှိသည်။ a,e,i,o,u အက္ခရာ ၅ လုံးသည် 'သရ' vowel ဖြစ်၍ ကျန် ၂၁ လုံးသည် 'ဗျည်း' consonant ဖြစ်သည်။

## EIGHT PARTS OF SPEECH

### ဝါစင် ရှစ်မျိုး သို့မဟုတ် စကားလုံးရှစ်မျိုး

အင်္ဂလိပ်စကားလုံးများသည် အောက်ပါအတိုင်း (၈)မျိုး ရှိသည်။

1. Noun နာမ်
2. Pronoun နာမ်စား
3. Adjective နာမဝိသေသန
4. Verb ကြိယာ
5. Adverb ကြိယာဝိသေသန
6. Preposition ဝိဘတ် (နေရာပြ၊ အချိန်ပြ စကားလုံး)
7. Conjunction စကားဆက် (ဆက်သွယ်ပေးသည့် စကားလုံး)
8. Exclamation (or) Interjection
   အာမေဋိတ်စကားလုံး၊ တအံ့တသြပြောသည့်စကား



## 1. THE NOUN နာမ်

Noun နာမ်ဆိုသည်မှာ - လူ တိရစ္ဆာန် အရာဝတ္ထု အရပ်ဒေသ စသည့်သက်ရှိ သက်မဲ့တို့၏ "အမည်များ"ကို ခေါ်သည်။

| | | |
|---|---|---|
| **Example:** | man လူကြီး | girl မိန်းကလေး |
| ဥပမာ | cat ကြောင် | country တိုင်းပြည် |
| | town မြို့ | pen ပင်တံ၊ ဖောင်တိန် |

## KINDS OF NOUNS နာမ်အမျိုးအစားများ

Noun နာမ်အမျိုးအစားလေးမျိုးရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ကြသည်။

1. Proper Noun ကိုယ်ပိုင်နာမ်
2. Common Noun အများဆိုင်နာမ်
3. Collective Noun စုပေါင်းအုပ်စုနာမ်
4. Abstract Noun စိတ္တဇနာမ်

မှတ်ချက် ခေတ်သဒ္ဒါများ၌ Material Noun ကို သီးခြားမဖော်ပြတော့ဘဲ Common Noun ထဲတွင် ထည့်သွင်းသည်။

### 1. Proper Noun ကိုယ်ပိုင်နာမ်

လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုနှင့် အရပ်ဒေသတွေ၏ ကိုယ်ပိုင်အမည်ကို Proper Noun ဟု ခေါ်သည်။

| | | | |
|---|---|---|---|
| **Example:** | U Hla | Yangon | Bo Ni |
| ဥပမာ | ဦးလှ | ရန်ကုန် | ဘိုနီ |

မှတ်ချက် - Proper Noun ကို Capital Letter အက္ခရာအကြီးဖြင့် အမြဲတမ်းစ,ရေးရသည်။

### 2. Common Noun အများဆိုင်နာမ်

မျိုးတူသက်ရှိ၊ သို့မဟုတ် သက်မဲ့၊ အရာဝတ္ထု အားလုံးနှင့်သက်ဆိုင်သည့် အများဆိုင်အမည် တွေကို Common Noun ဟုခေါ်သည်။

**Example:** Man လူကြီး (လူကြီးတိုင်းကို man ဟု ခေါ်နိုင်သည်။)

ဥပမာ Dog ခွေး (ခွေးတိုင်းကို dog ဟု ခေါ်နိုင်သည်။)

Car ကား (ကားတိုင်းကို car ဟု ခေါ်နိုင်သည်။)

Town မြို့ ( မြို့တိုင်းကို town ဟု ခေါ်နိုင်သည်။ )

mgyoe.com

### 3. Collective Noun စုပေါင်းအုပ်တွဲနာမ်

တချို့နာမ်တွေသည် တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ခုချင်း မတည်ရှိဘဲ အုပ်စုတွဲလျှက်ရှိသည်၊ ၎င်းတို့ကို Collective Noun ဟုခေါ်သည်၊

| | | |
|---|---|---|
| **Example:** | army စစ်တပ် | crowd လူအုပ် |
| ဥပမာ | flock သိုးအုပ်ငှက်အုပ် | fleet သင်္ဘောတပ် |
| | team အသင်းအဖွဲ့ | group အဖွဲ့ |

Army စစ်တပ်ဆိုသည့် စကားလုံး (word) သည် Collective Noun တစ်ခုဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် စစ်သားများ စုဝေးတည်ရှိရာကို စစ်တပ် ဟုခေါ်ခြင်းဖြစ်သည်၊ Crowd လူအုပ်ဆိုသည်မှာလည်း Collective Noun ဖြစ်သည်၊ လူအများစုဝေးတည်ရှိသည်ကို လူအုပ်ဟုခေါ်ခြင်းဖြစ်သည်၊ ကျန်ရှိသည့် flock, fleet တို့သည်လည်း ထိုအတိုင်းဖြစ်သည်၊

### 4. Abstract Noun စိတ္တဇနာမ်

ကိုင်မရ မမြင်ရဘဲ အာရုံခံစားကြည့်လို့သာရတဲ့ နာမ်ကိုခေါ်သည်၊

| | | |
|---|---|---|
| **Example:** | Sweetness | kindness |
| ဥပမာ | ချိုသာခြင်း | ကြင်နာခြင်း |
| sickness | darkness | hope |
| ဖျားနာခြင်း | အမှောင် | မျှော်လင့်ချက် |
| fear | weakness | rudeness |
| ကြောက်ရွံ့ခြင်း | အားနည်းခြင်း | ရိုင်းစိုင်းခြင်း |
| beauty | pity | pain |
| လှပခြင်း | သနားခြင်း | နာကျင်ခြင်း |
| death | doubt | childhood |
| သေခြင်း | သံသယ | ကလေးဘဝ |
| joy | misery | greed |
| ပျော်ရွှင်ခြင်း | ဒုက္ခ | လောဘ |
| charily | honesty | sleep |
| လျှို့ဝှက်ခြင်း | ရိုးသားမှု | အိပ်စက်ခြင်း |

အောက်ပါဝါကျတို့ကို လေ့လာပါ၊

The boy showed great courage.

လူကလေးသည် ကြီးမားသော ရဲစွမ်းသတ္တိကိုပြသခဲ့၏၊

ကျွန်ုပ်တို့သည် နေကိုကြည့်မြင်နိုင်သည်၊ စာအုပ်တစ်အုပ်ကို ကိုင်တွယ်ထိတွေ့နိုင်သည်၊ သို့သော် courage ရဲစွမ်းသတ္တိကိုတော့ နေကိုကြည့်မြင်သလို စာအုပ်ကို ကိုင်တွယ်ထိတွေ့သလို ပြုလုပ်နိုင်ပါသလား၊ မပြုလုပ်နိုင်ပေ၊ ရဲစွမ်းသတ္တိဆိုတာ စိတ်နဲ့ ခံစားကြည့်လို့သာရနိုင်သည့် အရာဖြစ်သည်၊ ယင်းကို တွေ့မြင်ကိုင်တွယ်ကြည့်လို့ မရပါ၊ ယင်းသို့အကောင်အထည်မရှိသည့် မြင်လို့ ကိုင်လို့မရသည့် စိတ်ဖြင့်သာ သတ်မှတ် ခေါ်ဝေါ်ရသည့် အရာကို Abstract Noun စိတ္တဇနာမ်ဟု ခေါ်သည်၊ လိုရင်း မှတ်ရန်မှာ စိတ္တဇနာမ်ဆိုသည်မှာ စိတ်နှင့်သာခံစားကြည့်လို့ရသည့် နာမ်ဖြစ်သည်၊ Noun တွေကို နှစ်မျိုးထပ်ခွဲနိုင်သည်၊ ၎င်းတို့မှာ -

1. Countable Noun ရေတွက်၍ရသော နာမ်
2. Uncountable Noun ရေတွက်၍ မရသောနာမ်တို့ဖြစ်သည်၊

### 1. Countable Noun ရေတွက်၍ရသောနာမ်

တစ်ခု၊ တစ်ကောင်၊ တစ်ယောက်စသည်ဖြင့် ရေတွက်၍ရသော Noun ကို Countable Noun ဟုခေါ်သည်၊

| | | | |
|---|---|---|---|
| **Example:** | boy | pen | book |
| ဥပမာ | လူကလေး | ဖောင်တိန် | စာအုပ် |
| | dog | ruler | cat |
| | ခွေး | ပေတံ | ကြောင် |
| | table | chair | town |
| | စားပွဲ | ကုလားထိုင် | မြို့ |

### 2. Uncountable Noun ရေတွက်၍မရသောနာမ်

တစ်ခု၊ တစ်ကောင်၊ တစ်ယောက် စသည်ဖြင့် ရေတွက်၍မရသော Noun ကို Uncountable Noun ဟုခေါ်သည်၊

| | | | |
|---|---|---|---|
| **Example:** | meat | milk | rice |
| ဥပမာ | အသား | နို့ | ဆန်/ထမင်း |
| | water | tea | ink |
| | ရေ | လက်ဖက်ရည် | မင် |

mgyoe.com

mgyoe.com

| | | |
|---|---|---|
| oil | hair | money |
| ဆီ | ဆံပင် | ပိုက်ဆံ ငွေကြေး ဝန |

Countable Noun တွေကို နည်းကြောင်း များကြောင်းပြောသည့်အခါ ရေတွက်ချင်သည့်အခါမှာ many နှင့် few တို့ကို သုံးရသည်။

Example: many pens - ဖောင်တိန် ယင်တံ အများအပြား

a few books - စာအုပ်အနည်းငယ်

မှတ်ချက် - a few မှာ a မပါလျှင် မရှိသလောက်နည်းသော။

Uncountable Noun တွေကို နည်းကြောင်း များကြောင်း ပြောချင်ရေချင်တဲ့အခါမှာ much နှင့် a little တို့ကို အသုံးပြုရသည်။

Example: much water - ရေအများအပြား

ဥပမာ a little milk - နွားနို့အနည်းငယ်

Uncountable Noun တွေရဲ့ရှေ့မှာ a, an ကို မသုံးရ။ Uncountable Noun တွေသည် Singular Number အနည်းကိန်းဖြစ်သည်။

## THE NOUN: NUMBER ကိန်း (အရေအတွက်)

Number ဆိုသည်မှာ အရေအတွက်ဖြစ်သည်။ ရေတွက်လို့ရသည့် Noun တွေမှာ Number နှစ်မျိုးလုံးရှိသည်။ ၎င်းတို့မှာ -

1. Singular Number အနည်းကိန်း (ဧကဝုစ်ကိန်း)
2. Plural Number အများကိန်း (ဗဟုဝုစ်ကိန်း)

### 1. Singular Number ဧကဝုစ်ကိန်း (အနည်းကိန်း)

တစ်ခု တစ်ကောင် တစ်ယောက်ကို Singular Number အနည်းကိန်းဟု ခေါ်သည်။

Example: boy လူကလေး village ရွာ

ဥပမာ girl မိန်းကလေး teacher ဆရာ

cow နွားမ country တိုင်းပြည်

book စာအုပ် ticket လက်မှတ်

mat ဖျာ table စားပွဲ

### 2. Plural Number ဗဟုဝုစ်ကိန်း (အများကိန်း)

တစ်ခု တစ်ကောင် တစ်ယောက်ထက်များလျှင် Plural Number အများကိန်းဟု ခေါ်သည်။

Example: boys လူကလေးများ mats ဖျာများ

ဥပမာ girls မိန်းကလေးများ villages ရွာများ

cows နွားမများ teachers ဆရာများ

## NUMBER OF NOUN (contd)

## နာမ်ဧကဝုစ်ကိန်းမှ ဗဟုဝုစ်ကိန်း ပြောင်းပုံ

နာမ်များသည် အနည်းကိန်းမှ အများကိန်းပြောင်းလိုလျှင် များသောအားဖြင့် နာမ်များကို 's' ပေါင်းထည့်ရသည်။ အချို့သော နာမ်တွေကို အများကိန်းပြုလုပ်ရာတွင် တစ်နည်းတစ်ဖုံခြားနားကြသည်။ အောက်ပါတို့ကို သေချာစွာလေ့လာမှတ်သားပါ။

1. နာမ်သည် sh, ch, o, x ss တို့နှင့်ဆုံးလျှင် ၎င်းနာမ်တွေကို 'es' ပေါင်းထည့်ရသည်။

| | | | |
|---|---|---|---|
| brush | brushes | church | churches |
| တံမြက်စည်း | တံမြက်စည်းများ | ဘုရားရှိခိုးကျောင်း | ဘုရားရှိခိုးကျောင်းများ |
| glass | glasses | box | boxes |
| ဖန်ခွက် | ဖန်ခွက်များ | သေတ္တာ | သေတ္တာများ |
| class | classes | mango | mangoes |
| အတန်း | အတန်းများ | သရက်သီး | သရက်သီးများ |

2. နာမ်သည် 'y' နှင့်ဆုံးလျှင် ယင်း 'y' ကို 'i' ပြောင်း 'es' ပေါင်းထည့်ရသည်။

| | | | |
|---|---|---|---|
| pony | ponies | lady | ladies |
| မြင်းပု | မြင်းပုများ | ဂုဏ်သရေရှိ | ဂုဏ်သရေရှိ |
| | | အမျိုးသမီး | အမျိုးသမီးများ |
| fly | flies | city | cities |
| ယင်ကောင် | ယင်ကောင်များ | မြို့ကြီး | မြို့ကြီးများ |

ခြွင်းချက် - အချို့နာမ်များသည် y နှင့် ဆုံးသော်လည်း သူ့ရှေ့မှာ သရ (a,e,i,o,u) vowel ရှိနေသောကြောင့် 's' ပဲပေါင်းထည့်ရသည်။

boy - boys၊ key - keys၊ day - days

3. နာမ်သည် f, fe နှင့်ဆုံးသည့် နာမ်တွေကို ယင်း f နှင့် fe ကို v ပြောင်းပြီး 'es' ပေါင်းထည့်ရသည်။

| | | | |
|---|---|---|---|
| thief | thieves | knife | knives |
| သူခိုး | သူခိုးများ | သားလှီးဓါး | သားလှီးဓါးများ |

mgyoe.com

| | | | |
|---|---|---|---|
| calf | calves | leaf | leaves |
| နွားကလေး | နွားကလေးများ | သစ်ရွက် | သစ်ရွက်များ |

4. အချို့သောနာမ်များသည် အောက်ပါအတိုင်း vowel (a,e,i,o,u) ပြောင်းပြီး အနည်းကိန်းမှ အများကိန်းပြုလုပ်သည်။

| | | | |
|---|---|---|---|
| man | men | woman | women |
| လူကြီး | လူကြီးများ | မိန်းမကြီး | မိန်းမကြီးများ |
| foot | feet | tooth | teeth |
| ခြေထောက် | ခြေထောက်များ | သွား | သွားများ |
| mouse | mice | goose | geese |
| ကြွက် | ကြွက်များ | ဘဲငန်း | ဘဲငန်းများ |

5. အချို့သောနာမ်များသည် အောက်ပါအတိုင်း en ပေါင်းထည့်သည်။

| | | | |
|---|---|---|---|
| ox | oxen | child | children |
| နွားထီး | နွားထီးများ | ကလေး | ကလေးများ |

6. နာမ်များကို များသောအားဖြင့် အနည်းမှ အများပြောင်းလိုလျှင် အောက်ပါအတိုင်း 's' ပေါင်းထည့်ရသည်။

| | | | |
|---|---|---|---|
| boy | boys | girl | girls |
| လူကလေး | လူကလေးများ | မိန်းကလေး | မိန်းကလေးများ |
| dog | dogs | house | houses |
| ခွေး | ခွေးများ | အိမ် | အိမ်များ |

## GENDER OF NOUNS

### လိင်ခွဲခြားခြင်း (ဝါ) နာမ်အထီးအမခွဲခြားခြင်း

အောက်ပါဝါကျများကို လေ့လာပါ။

1. **The boy plays well**

   လူကလေးသည် ကောင်းစွာကစားသည်။

2. **Ma Yi** has a little goat.

   မရီ၌ ဆိတ်ကလေးတစ်ကောင်ရှိသည်။

3. **The child** is ill.

   ကလေးနေမကောင်းပါ။

4. **The box** is made of wood.

   သေတ္တာကို သစ်သားဖြင့်ပြုလုပ်သည်။

1. **Boy** ဆိုသည်မှာ အထီး၏ အမည်နာမဖြစ်သည်။ ထို့ကြောင့် Masculine Gender ဟု ခေါ်သည်။ လူသို့မဟုတ် တိရစ္ဆာန်အထီး၏ အမည်နာမ အခေါ်အဝေါ်တွေကို Masculine Gender အဖြစ် သတ်မှတ်သည်။ အောက်ပါ တို့ကိုမှတ်သားပါ။

| | | | | |
|---|---|---|---|---|
| man | uncle | lion | ox | bull |
| လူကြီး | ဦးလေး | ခြင်္သေ့ | နွားထီး | နွားသိုး |

2. **Ma Yi** ဆိုသည်မှာ အမရဲ့ အမည်ဖြစ်သည်။ ထို့ကြောင့် Feminine Gender ဟုခေါ်သည်။ လူ သို့မဟုတ် တိရစ္ဆာန်အမတွေကို ကိုယ်စားပြုသည့်နာမ် အခေါ်အဝေါ်မှန်သမျှ Feminine Gender ထဲမှာ ပါဝင်သည်။

| | | | | |
|---|---|---|---|---|
| woman | aunt | lioness | cow | bitch |
| မိန်းမကြီး | အဒေါ် | ခြင်္သေ့မ | နွားမ | ခွေးမ |

3. **Child** သည် အထီးဖြစ်နိုင်သလို အမလည်းဖြစ်နိုင်သည်။ ထို့ကြောင့် ယင်းကို Common Gender အဖြစ် သတ်မှတ်သည်။ အထီးရော အမရော နှစ်မျိုးလုံး တစ်ခုခုဖြစ်နိုင်သော အောက်ပါကဲ့သို့သော နာမ်များသည်လည်း Common Gender များဖြစ်သည်။

| | | | | |
|---|---|---|---|---|
| friend | cousin | pupil | person | parent |
| သူငယ်ချင်း | ဝမ်းကွဲ | တပည့် | လူ | မိဘ |

4. **Box** ဆိုတာကတော့ အသက်မရှိသည့် အရာဝတ္ထုတစ်ခုရဲ့ အမည်သညာပဲ ဖြစ်သည်။ ဒါကြောင့် ယင်းကို Neuter Gender ဟုခေါ်သည်။ Neuter ဆိုသည်မှာ Neither နှင့် အဓိပ္ပါယ်တူဖြစ်သည်၊ ဘယ်ဟာမှ မဟုတ်ဟုဆိုလိုသည်၊ အထီးလည်းမဟုတ်၊ အမလည်းမဟုတ်ဟု ဆိုသည့်သဘောဖြစ်သည်။ အောက်ပါ တို့ကဲ့သို့ သက်မဲ့အရာဝတ္ထုများသည် Neuter Gender ထဲမှာပါဝင်သည်။

| | | | | |
|---|---|---|---|---|
| table | chair | ball | kinfe | tree |
| စားပွဲ | ကုလားထိုင် | ဘောလုံး | သားလှီးဓား | သစ်ပင် |

နာမ်အများအပြားမှာတော့ အောက်ပါအတိုင်း Masculine နှင့် Feminine ပုံစံကွဲများရှိကြသည်။

mgyoe.com

| | | | |
|---|---|---|---|
| boy | girl | uncle | aunt |
| လူကလေး | မိန်းကလေး | ဦးလေး | အဒေါ် |
| king | queen | bull | cow |
| ဘုရင် | ဘုရင်မ | နွားထီး | နွားမ |
| dog | bitch | horse | mare |
| ခွေး | ခွေးမ | မြင်းထီး | မြင်းမ |
| cock | hen | actor | actress |
| ကြက်ဖ | ကြက်မ | အမျိုးသား သရုပ်ဆောင် | အမျိုးသမီး သရုပ်ဆောင် |

## 2. THE PRONOUN နာမ်စား

Noun တွေကို ကိုယ်စားအသုံးပြုသည့်စကားလုံး တွေကို Pronoun နာမ်စား ဟုခေါ်သည်။

Listen to Yin Maung, he is singing.

ရင်မောင်ကို နားထောင်စမ်း။ သူသီချင်းဆိုနေသည်။

Ko Win and Ko Min are here.

ကိုဝင်းနှင့် ကိုမင်းတို့ ဒီမှာရှိကြသည်။

They have come to hear him.

သူတို့သည် သူ့ကို နားထောင်ရန်လာကြသည်။

He will be glad to see them.

သူသည် သူတို့ကို တွေ့ရန် ဝမ်းမြောက်လိမ့်မည်။

အထက်ပါ ဝါကျတွေထဲမှာ ပါဝင်သော စကားလုံးအမည်တွေကို သတိပြုလေ့လာပါ။ ယင်းတို့ကို အမည်နာမများ သို့မဟုတ် နာမ်များ၏အစား အသုံးပြုထားခြင်းဖြစ်ကြောင်း တွေ့နိုင်သည်။ အခုလိုစကားလုံးများအစားထိုးသုံးရတာဟာ နာမ်တွေကိုထပ်မံအသုံးပြုရတာထက်ပိုပိုလွယ်ကူကောင်းမွန်သည်။ တကယ်လို့ နာမ်တွေကို ထပ်တလဲလဲ အသုံးပြုရင် အောက်ပါအတိုင်းဖြစ်လာလိမ့်မည်။

Listen to Yin Manug, Yin Maung is singing.

ရင်မောင်ကို နားထောင်စမ်း။ ရင်မောင် သီချင်းဆိုနေသည်။

Ko Win and Ko Min are here.

ကိုဝင်းနှင့် ကိုမင်းတို့သည် ဒီမှာရှိကြသည်။

Ko Win and Ko Min have come to hear Yin Maung.

ကိုဝင်းနှင့် ကိုမင်းတို့သည် နားထောင်ရန် လာကြသည်။

Yin Maung will be glad to see Ko Win and Ko Min.

ရင်မောင်သည် ကိုဝင်းနှင့် ကိုမင်းတို့ကို တွေ့ရန် ဝမ်းမြောက်လိမ့်မည်။

ဒီအခါမှာနာမ်တွေ ထပ်တလဲလဲ ပါဝင်နေတဲ့အတွက်ကြောင့် ရှုတ်ဆိုရေးသားရတာမကောင်းဘူး။ အလွန်တရာထောင့်နေကြောင်း၊ အဆင်မပြေဖြစ်နေကြောင်း တွေ့နိုင်သည်။ ထို့ကြောင့် နာမ်တွေရဲ့ကိုယ်စား အခြားစကားလုံးတွေကို ထည့်သွင်းအသုံးပြုရခြင်းဖြစ်သည်။ အခုလို နာမ်တွေအစားအသုံးပြုသည့် စကားလုံးတွေကို Pronoun နာမ်စားများဟု ခေါ်သည်။ တကယ်တော့ Pronoun ဆိုတာ နာမ်ရဲ့ အစား လို့ အဓိပ္ပါယ်ရသည်။

အဓိကနာမ်စား **Pronoun** (၇) လုံးရှိသည်။

| | | |
|---|---|---|
| I<br>ငါ ကျွန်ုပ်သည် | | We<br>ငါတို့ ကျွန်ုပ်တို့သည် |
| You<br>သင် နင် မင်း ခင်ဗျားသည် | | You<br>သင်တို့ မင်းတို့ နင်တို့ ခင်ဗျားတို့သည် |
| He သူသည် | They | သူတို့သည် |
| She သူမသည် | | သူမတို့သည် |
| It ထိုဟာ/၎င်းသည် | | ထိုဟာတို့/၎င်းတို့သည် |

ယင်းတို့သည် Subject Pronoun များဖြစ်သည်။

စိုးမြိုင် ငွေးမြင့်ထွန်းကြိုင်
အင်္ဂလိပ်စကားပြောသင်တန်း
ခြံအမှတ်(၂)၊သစ္စာရိပ်သာလမ်း၊ကံဘဲ့၊ရန်ကင်း၊ရန်ကုန်မြို့။
(သစ္စာလမ်း၊ သံလမ်းဘတ်စ်ကားမှတ်တိုင်)

mgyoe.com

## FIVE DIFFERENT FORMS OF PRONOUNS

### အသွင်ကွဲ နာမ်စားသဏ္ဍာန် (၅) မျိုး

| subject pronoun | object pronoun | possessive Adjective | possessive pronoun | Reflexive pronoun |
|---|---|---|---|---|
| I<br>ကျွန်ုပ်သည် | me<br>ကျွန်ုပ်ကို/အား | my<br>ကျွန်ုပ်၏ | mine<br>ကျွန်ုပ်၏ဟာ | myself<br>ကျွန်ုပ်ကိုယ်တိုင် |
| We<br>ကျွန်ုပ်တို့သည် | us<br>ကျွန်ုပ်တို့ကို | our<br>ကျွန်ုပ်တို့၏ | ours<br>ကျွန်ုပ်တို့၏ဟာ | ourselves<br>ကျွန်ုပ်တို့ကိုယ်တိုင် |
| You<br>သင်သည် | you<br>သင့်ကို/အား | your<br>သင်၏ | yours<br>သင်၏ဟာ | yourself<br>သင်ကိုယ်တိုင် |
| You<br>သင်တို့သည် | you<br>သင်တို့ကို/အား | your<br>သင်တို့၏ | yours<br>သင်တို့၏ဟာ | yourself<br>သင်တို့ကိုယ်တိုင် |
| He<br>သူသည် | him<br>သူ့ကို/အား | his<br>သူ၏ | his<br>သူ၏ဟာ | himself<br>သူကိုယ်တိုင် |
| She<br>သူမသည် | her<br>သူမကို/အား | her<br>သူမ၏ | hers<br>သူမ၏ဟာ | herself<br>သူမကိုယ်တိုင် |
| It<br>ထိုဟာသည် | it<br>ထိုဟာကို/အား | its<br>ထိုဟာ၏ | - | itself<br>ထိုဟာကိုယ်တိုင် |
| They<br>သူတို့သည် | them<br>သူတို့ကို/အား | their<br>သူတို့၏ | theirs<br>သူတို့၏ဟာ | themselves<br>သူတို့ကိုယ်တိုင် |

## 3. THE ADJECTIVE နာမဝိသေသန

Adjective ဆိုသည်မှာ Noun ကို အထူးပြုသည့်စကားလုံးများကို ခေါ်သည်။ မြန်မာလို "သော" ဖြင့်အဆုံးသတ်သည်။ သို့မဟုတ် verb+be+Adj ဟု မှတ်ယူနိုင်သည်။

| | | |
|---|---|---|
| **Example:** | fat ဝသော | thin ပိန်သော |
| ဥပမာ | hot ပူသော | big ကြီးသော |
| | small သေးသော | cold အေးသော |
| | good ကောင်းသော | bad ဆိုး/ညံ့သော |
| | tall အရပ်ရှည်သော | short တို/ပုသော |
| | noisy ဆူညံသော | silent တိတ်ဆိတ်သော |
| | wode ကျယ်သော | narrow ကျဉ်းမြောင်းသော |
| | happy ပျော်ရွှင်သော | lazy ပျင်းရိသော |
| | active သွက်လက်သော | fast မြန်သော |
| | slow နှေးသော | light ပေါ့/လင်းသော |
| | heavy လေးသော | strong သန်မာသော |

## THE NOUN MODIFIER OR ADJECTIVE

### နာမဝိသေသန (နာမ်ကိုအထူးပြုခြင်း)

အောက်ပါဝါကျတို့ကို လေ့လာပါ။

1. Yin Maung is a big boy.

   ရင်မောင်သည် ကြီးသောလူကလေးတစ်ယောက်ဖြစ်သည်။

2. Lazy students fail.

   ပျင်းသောကျောင်းသားများသည် ကျကြသည်။

3. Ko Win is poor but honest.

   ကိုဝင်းသည် ဆင်းရဲ၏ သို့သော် ရိုးသား၏။

4. England is a rich country.

   အင်္ဂလန်ပြည်သည် ချမ်းသာသော တိုင်းပြည်တစ်ပြည်ဖြစ်သည်။

အထက်ပါဝါကျများထဲတွင် အလွယ်တကူတွေ့မြင်ရှုကောက်နိုင်သည့် နာမ်အများအပြားပါဝင်ကြသည်။ ထို့အပြင် ယင်းနာမ်တွေထဲမှာ အချို့ရှေ့မှာ အထူးပြုစကားလုံးများတည်ရှိနေကြပြီး သူတို့၏ ဝွမ်းဆောင်ချက်ကြောင့် သက်ဆိုင်ရာနာမ်တွေရဲ့ သရုပ်ဟာ ပိုပိုပေါ်လွင်လာသည်မှာ အမှန်ဖြစ်သည်။

Big ကြီးသော ဆိုသည့် စကားလုံးသည် ရင်မောင်ဟာ ဘယ်လို လူကလေးတစ်ယောက်ဖြစ်ကြောင်းဖော်ပြသည်။ Lazy ပျင်းသော ဆိုသည့် စကားလုံး သည် ဘယ်လိုကျောင်းသားမျိုးတွေ ကျရှုံးကြကြောင်း ဖော်ပြသည်။ Poor နှင့် Honest ဆင်းရဲသောနှင့် ရိုးသားသောဆိုသည့် စကားလုံးများသည် ကိုဝင်းဟာ ဘယ်လိုလူတစ်ယောက်ဖြစ်ကြောင်း ဖော်ပြသည်။ Rich ချမ်းသာသော ဆိုသည့် စကားလုံးသည် အင်္ဂလန်ပြည်သည် ဘယ်လိုတိုင်းပြည်ဖြစ်ကြောင်း ဖော်ပြသည်။

အင်္ဂလိပ်သဒ္ဒါမှာ အခုလို နာမ်ကို အထူးပြုတဲ့ စကားလုံးတွေကို Adjective သို့မဟုတ် Noun Modifiers နာမဝိသေသနများလို့

mgyoe.com

mgyoe.com

ခေါ်ပါသည်။ ဘာကြောင့် ဒီလိုခေါ်ရတာလဲဆိုရင် "ယင်းစကားလုံးတွေသည် နာမ်တွေကို အဓိပ္ပါယ်ဖြည့်စွက်ပေး၍ တစ်နည်းပြောရလျှင် အထူးပြုလို့ပဲဖြစ်ပါသည်။ Adjective သို့မဟုတ် Noun Modifiers ဆိုသည်မှာ နာမ်ကို အထူးပြုသည့် အဓိပ္ပါယ် ဖြည့်စွက်ပေးသည့်စကားလုံး" ဟု အဓိပ္ပါယ်ရပါသည်။

## KIND OF ADJECTIVE

## နာမဝိသေသန အမျိုးအစားများ

နာမဝိသေသန (Adj) အမျိုးအစားခြောက်မျိုးရှိသည်။ ၎င်းတို့မှာ -

1. Adjective of Quality — အရည်အချင်းပြနာမဝိသေသန
2. Quantitative Adjective — အရေအတွက် (သို့) ပမာဏပြ နာမဝိသေသန
3. Demonstrative Adjective — ညွှန်ပြနာမဝိသေသန
4. Distributive Adjective — ခွဲဝေနာမဝိသေသန
5. Interrogative Adjective — အမေးနာမဝိသေသန
6. Possessive Adjective — ပိုင်ဆိုင်မှုပြနာမဝိသေသန

**1. Adjective of Quality အရည်အချင်းပြနာမဝိသေသန**

| | |
|---|---|
| good ကောင်းသော | fat ဝသော |
| dry ခြောက်သွေ့သော | clever လိမ္မာသော |
| heavy လေးလံသော | lazy ပျင်းရိသော |

**2. Quantitative Adjective**

အရေအတွက် (သို့) ပမာဏပြ နာမဝိသေသန

| | |
|---|---|
| some အချို့သော | any အချို့သော |
| no မဟုတ်သော | few မရှိသလောက်ဖြစ်သော |
| many များစွာသော | a lot of များစွာသော |

**3. Demonstrative Adjective ညွှန်ပြနာမဝိသေသန**

| | |
|---|---|
| this ဤဟာ | these ဤဟာများ |
| that ထိုဟာ | those ထိုဟာများ |

**4. Distributive Adjective ခွဲဝေနာမဝိသေသန**

| | |
|---|---|
| each အသီးသီး | every တိုင်း |
| either နှစ်ခုထဲမှတစ်ခု | neither နှစ်ခုထဲမှ တစ်ခုမှမဟုတ် |

**5. Interrogative Adjective အမေးနာမဝိသေသန**

| | | |
|---|---|---|
| Which ဘယ်ဟာ | what ဘာ | whose ဘယ်သူ့ရဲ့ |

**6. Possessive Adjective ပိုင်ဆိုင်မှုပြနာမဝိသေသန**

| | |
|---|---|
| my ကျွန်ုပ်၏ | you သင်၏ |
| her သူမ | his သူ၏ |
| its ထိုဟာ၏ | our ကျွန်ုပ်တို့၏ |

## DEGREE OF ADJECTIVES

## နာမဝိသေသန (အဆင့်)

Adjective တွေမှာ Degree (အဆင့်) သုံးဆင့်ရှိသည်။ ၎င်းတို့မှာ -

1. Positive Degree မူလအဆင့်
2. Comparative Degree နှိုင်းယှဉ်အဆင့်
3. Superlative Degree အမြင့်ဆုံးအဆင့်

**Example:**

| | | |
|---|---|---|
| old | older | oldest |
| အသက်ကြီးသော | ပို၍အသက်ကြီးသော | အသက်အကြီးဆုံးဖြစ်သော |
| young | younger | youngest |
| အသက်ငယ်သော | ပို၍အသက်ငယ်သော | အသက်အငယ်ဆုံးဖြစ်သော |
| short | shorter | shortest |
| တိုသော | ပို၍တိုသော | အတိုဆုံးဖြစ်သော |

မှတ်ချက် ( ၁ )

နောက်ဆုံးအက္ခရာမှာ 'e' နဲ့အဆုံးသတ်ရင် r တို့ st တို့ ထည့်ပေးရသည်။

| | | |
|---|---|---|
| brave | braver | bravest |
| ရဲရင့်သော | ပို၍ရဲရင့်သော | အရဲရင့်ဆုံးဖြစ်သော |
| large | larger | largest |
| ကြီးမားသော | ပို၍ကြီးမားသော | အကြီးမားဆုံးဖြစ်သော |

မှတ်ချက် ( ၂ )

နောက်ဆုံးအက္ခရာရဲ့ရှေ့မှာ a,e,i,o,u ဆိုသည့် သရတစ်လုံးလုံးရှိပြီး ယင်း၏ရှေ့မှာ ဗျည်းရှိနေလျှင် နောက်ဆုံးအက္ခရာနှစ်ခါရေးပြီးမှ er, est ကိုထည့်ပေါင်းပေးရသည်။

mgyoe.com

mgyoe.com

တစ်နည်းပြောရလျှင် ဗျည်း+သရ+ဗျည်း (cvc) ဟူ၍ဖြစ်နေလို့ မှတ်နိုင်သည်။ "ing" ထည့်လျှင်လည်း ဤနည်းအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| thin | thinner | thinnest |
| ပိန်သော | ပို၍ပိန်သော | အပိန်ဆုံးဖြစ်သော |
| fat | fatter | fattest |
| ဝသော | ပို၍ဝသော | အဝဆုံးဖြစ်သော |
| hot | hotter | hottest |
| ပူသော | ပို၍ပူသော | အပူဆုံးဖြစ်သော |
| big | bigger | biggest |
| ကြီးသော | ပို၍ကြီးသော | အကြီးဆုံးဖြစ်သော |

**အထူးမှတ်ရန် ( ၁ )**

အသံထွက်သံနှင့် အသံထွက်သံထက်ရှိသည့် Adjective တွေအားလုံးနှင့် နှစ်သံထွက်သည့် Adj တွေအချို့ရဲ့ရှေ့မှာ more နှင့် most ထည့်ပေးရသည်။

| | | |
|---|---|---|
| beautiful | more beautiful | most beautiful |
| လှပသော | ပို၍လှပသော | အလှပဆုံးဖြစ်သော |
| difficult | more difficult | most difficult |
| ခက်ခဲသော | ပို၍ခက်ခဲသော | အခက်အခဲဆုံးဖြစ်သော |

**အထူးမှတ်ရန် ( ၂ )**

အောက်ပါ Adj များသည် နည်းတစ်မျိုးဖြင့် Degree ပြောင်းပေးရသည်။ ပုံစံမှဲ့ ဖြစ်သည်။

| | | |
|---|---|---|
| good | better | best |
| ကောင်းသော | ပို၍ကောင်းသော | အကောင်းဆုံးဖြစ်သော |
| bad | worse | worst |
| ဆိုးသော | ပို၍ဆိုးသော | အဆိုးဆုံးဖြစ်သော |
| many | more | most |
| များသော (ရေတွက်ရ) | ပို၍များသော | အများဆုံးဖြစ်သော |
| much | more | most |
| များသော(ရေတွက်လို့မရ) | ပို၍များသော | အများဆုံးဖြစ်သော |

[cvc = consonant + vowel + consonant]

## 4. THE VERB ကြိယာ

ပြုလုပ်သည် ရှိသည် ဖြစ်သည် စသည်ဖြင့် ပြောသည့် စကားလုံးများကို verb ဟု ခေါ်သည်။ "သည်" နဲ့အဆုံးသတ်သည်။

**Example:** sit ထိုင်သည် stand မတ်တတ်ရပ်သည်

ဥပမာ run ပြေးသည် go သွားသည်

eat စားသည် come လာသည်

believe ယုံကြည်သည် sleep အိပ်သည်

tell ပြောပြသည် speak စကားပြောသည်

### VERB FORMS ကြိယာသဏ္ဌာန်

ကြိယာတွေကို ကျက်မှတ်သည့်အခါ အောက်ပါအတိုင်း ပုံသဏ္ဌာန်လေးမျိုးရအောင် ကျက်မှတ်ထားနိုင်ရပါမည်။

| present form | present participle | past form | past participle |
|---|---|---|---|
| come | coming | came | come |
| go | going | went | gone |
| sit | sitting | sat | sat |
| eat | eating | ate | eaten |
| drink | drinking | drank | drunk |
| have | having | had | had |
| sleep | sleeping | slept | slept |
| hide | hiding | hid | hidden |

## 5. THE ADVERB ကြိယာဝိသေသန

Verb ကြိယာကို အထူးပြုသည့် စကားလုံးများကို Adverb ဟု ခေါ်သည်။ မြန်မာလို 'စွာ' ဖြင့်အဆုံးသတ်သည်။

**Example:**

quickly လျင်မြန်စွာ loudly ကျယ်လောင်စွာ

easily လွယ်ကူစွာ daily နေ့စဉ်

slowly နှေးကွေးစွာ happily ပျော်ရွှင်စွာ

well ကောင်းစွာ poorly ဆင်းရဲစွာ

mgyoe.com

mgyoe.com

| | |
|---|---|
| richly ချမ်းသာစွာ | simply ရိုးသားစွာ |
| fast လျင်မြန်စွာ | neatly သပ်ရပ်စွာ |
| silently တိတ်ဆိတ်စွာ | hungrily ဆာလောင်စွာ |
| cleverly ပါးနပ်လိမ္မာစွာ | sweetly ချိုသာစွာ |
| early စောစွာ | cheaply ဈေးပေါစွာ |
| angrily စိတ်ဆိုးစွာ | carelessly ဂရုမစိုက်စွာ |
| neatly သေသပ်စွာ | eagerly စိတ်အားထက်သန်စွာ |
| gaily ပျော်ရွှင်စွာ | secretly လျှို့ဝှက်စွာ |
| deliciously အရသာရှိစွာ | soundly နှစ်ခြိုက်စွာ |
| sadly ဝမ်းနည်းစွာ | proudly ဂုဏ်ကြီးစွာ |

## THE ADVERB OR The Verb Modifier

### ကြိယာဝိသေသန

အောက်ပါဝါကျများကိုလေ့လာပါ။

1. **The king replied angrily.**

   ရှင်ဘုရင်သည် စိတ်ဆိုးစွာပြန်ကြားခဲ့၏။

2. **Yin Maung goes to school daily.**

   ရင်မောင်သည် နေ့တိုင်းကျောင်းသို့သွားသည်။

3. The child looked up.

   ကလေးသည် အပေါ်သို့ မော့ကြည့်ခဲ့၏။

အမှတ် (၁) ဝါကျထဲမှာ **angrily** စိတ်ဆိုးစွာဆိုတဲ့ စကားလုံးက ရှင်ဘုရင်ဘယ်ပုံဘယ်နည်း ပြန်ခဲ့သလဲဆိုတာကို ဖော်ပြရန်အတွက် **replied** ဆိုတဲ့ ကြိယာကိုအထူးပြုသည်။

အမှတ် (၂) ဝါကျထဲမှာ **daily** နေ့တိုင်းဆိုတဲ့စကားလုံးက ရင်မောင် ဘယ်အချိန် ဘယ်အခါကျောင်းသွားသလဲဆိုတာကို ဖော်ပြရန်အတွက် **goes** ဆိုတဲ့ ကြိယာကိုအထူးပြုသည်။

အမှတ် (၃) ဝါကျမှာ **up** အပေါ်သို့ဆိုသည့်စကားလုံးက ကလေး ဘယ်လိုကြည့်သလဲဆိုတာကို ဖော်ပြရန်အတွက် **looked** ဆိုတဲ့ ကြိယာကိုအထူးပြုသည်။ အထက်ပါစကားလုံး တစ်လုံးစီသည် ကြိယာတစ်ခုစီကို အထူးပြုနေတာမို့ ယင်းကို Adverb သို့မဟုတ် Verb Modifier ကြိယာဝိသေသနဟုခေါ်သည်။

## 6. THE PREPOSITION ဝိဘတ်

### နေရာပြ၊ အချိန်ပြ၊ စကားလုံး

နေရာ အချိန်တို့ကို ပြသည့်စကားလုံးတွေကို Preposition ဝိဘတ်ဟုခေါ်သည်။

**Example:**

| | | | |
|---|---|---|---|
| in | အထဲမှာ | under | အောက်မှာ |
| on | အပေါ်မှာ | below | အောက်မှာ |
| at | ၌၊ မှာ၊ တွင်၊ ဝယ်၊ က | behind | နောက်မှာ |
| to | သို့ | beside | ဘေးမှာ |
| of | ၏ | beyond | အလွန်မှာ |
| off | အခြားသို့ | between | နှစ်ခု နှစ်ယောက် အကြားမှာ |
| into | အတွင်းသို့ | among | အများကြားမှာ |
| by | အားဖြင့် | above | အကြောင်း/ခန့် |
| for | အတွက် | obove | အပေါ်မှာ |
| across | ဖြတ်သန်း၍ | next | ဘေးမှာ |
| along | တစ်လျှောက် | since | ကထဲက |
| aroung | ပတ်လည် | though | ဖြတ်သန်း၍ |
| after | ပြီးနောက် | untill | မ—ခင် |
| against | ဆန့်ကျင်၍ | till | မ—ခင် |
| during | အတောအတွင်း | toword | ဘက်သို့ |
| accept | မှတစ်ပါး | with | နှင့်/အတူ |
| from | မှ | within | အချိန်အတောအတွင်း |
| inside | အထဲမှာ | without | မရှိဘဲ မပါဘဲ |
| near | အနီးမှာ | infront of | ရှေ့မှာ |

## 7. THE CONJUCTION စကားဆက်

### ဆက်သွယ်ပေးသည့်စကား ( သမ္ဗန္ဓ )

စကားလုံးများ၊ စကားစုများ၊ ဝါကျများကိုဆက်သွယ်ပေးသည့် စကားလုံးကို Conjuction ဟုခေါ်သည်။

| | | |
|---|---|---|
| **Example:** | and နှင့်၊ ၍၊ ပြီး | but သို့သော် |
| ဥပမာ | so ထို့ကြောင့် | or သို့မဟုတ် |

mgyoe.com

mgyoe.com

because အဘယ့်ကြောင့်ဆိုသော် သောကြောင့်

if လျှင် when သောအခါ

althouth သော်လည်း as သောကြောင့်

while စဉ်တွင် till မ—ချင်း (မကြိုးစား မချင်း)

untill မ—ချင်း after ပြီးနောက်

**8. THE EXCLAMATION OR INTERJECTION**

အာမေဍိတ်စကား သို့မဟုတ် တအံ့တသြပြောသည့်စကား

ရုတ်တရက်စိတ်ထဲမှာ ဖြစ်ပေါ်လာသည့် ခံစားချက်ကိုဖော်ပြသည့်အခါမှာ သုံးသည့်စကားလုံးတွေကိုခေါ်သည်။

**Example:** Ah ! အား Oh ! အို

1. What a foolish girl she is!

   ဘယ်လောက်မိုက်တဲ့ မိန်းကလေးလဲ။

2. What a beautiful flower it is!

   ဘယ်လောက်လှတဲ့ ပန်းကလေးတစ်ပွင့်လဲ။

3. How lazy he is!

   သူ ဘယ်လောက်ပျင်းသလဲ။

အောက်ပါဝါကျများကိုလေ့လာပါ။

1. Hurrah! our side has won.

   ဟေး တို့ဘက်က နိုင်ပြီ။

2. Alas! our side has lost.

   အကွာ၊ တို့ဘက်ကရှုံးပြီ။

3. Hush! I hear someone is coming.

   နားထောင်ပေဟ့ တစ်ယောက်ယောက်လာနေသံကြားရတယ်။

4. Bravo, Yin Maung! well hit.

   ရဲပေ့ကွာ ရင်မောင်ကောင်းကောင်းထိသပေါ့။

5. Hello Ko Win! How are you?

   ဟဲလို ကိုဝင်း နေကောင်းရဲ့လား။

6. Oh! What a beautiful rose.

   အို ဘယ်လောက်လှတဲ့ နှင်းဆီပန်းတစ်ပွင့်လဲ။

   (ဆိုလိုသည်မှာ - သိပ်လှတဲ့ နှင်းဆီပန်း)

အထက်ပါဝါကျများထဲမှာ စိတ်လှုပ်ရှားမှုကိုဖော်ပြသည့်စကားလုံးတစ်လုံးစီပါဝင်နေကြောင်းတွေ့ရှိသည်။

ပထမဆုံးဝါကျထဲမှာပါသည့် Hurrch (ဟူးရေး) ဆိုသည့်စကားလုံးသည် ပျော်ရွှင်မှုကိုဖော်ပြသည့် အသံတစ်သံမျှသာဖြစ်သည်။

ဒုတိယဝါကျ Alas (အလပ်စ်) ဆိုသည့်စကားလုံးသည်လည်း စင်စစ်တော့ ဝမ်းနည်းမှု သို့မဟုတ် စိတ်မကျေနပ်မှုကို ဖော်ပြသည့် အသံတစ်သံမျှသာဖြစ်သည်။

ဤစကားလုံးတွေကို Exclamations (or) Interjection ဟုခေါ်ခြင်းဖြစ်သည်။ "စိတ်ထဲမှာ ရုတ်တရက်လှုပ်ရှားဖြစ်ပေါ်လာသည့်ခံစားမှုကို ထုတ်ဖော်ပြသည့် စကားလုံး" ဖြစ်သည်။

* * * * * * * * *

## သင်ခန်းစာ (၂)

## SUBJECT အကြောင်းအရာ

အင်္ဂလိပ်ဘာသာတွင် subject ဆိုသည်မှာ "အကြောင်းအရာ" ဖြစ်သည်။ ဝါကျတစ်ကြောင်းရေးတော့မည်ဆိုသည့်အခါ subject အကြောင်းအရာမပါရှိဘဲရေးလို့ပြောလို့မရပေ။ အင်္ဂလိပ်ဘာသာမှာ subject အကြောင်းအရာကို ပုံစံ (၃) မျိုးဖြင့်တွေ့ရှိသည်။ ၎င်းတို့မှာ -

(၁) ပြုလုပ်သည့် subject

(၂) ပြုလည်းမပြုလုပ်၊ ခံလည်းမခံရသည့် subject (ရှိကြောင်း၊ ဖြစ်ကြောင်းဖော်ပြ)

(၃) ခံရသည့် subject (Passive Voice)

**Example:**

1. Kyaw Kyaw write a letter.

   ကျော်ကျော်သည် စာတစ်စောင်ကိုရေးသည်။

2. The letter is on the table.

   စာသည် စားပွဲပေါ်မှာရှိသည်။

3. Kyaw Kyaw is a boy.

   ကျော်ကျော်သည် လူကလေးတစ်ယောက်ဖြစ်သည်။

mgyoe.com

4. The teacher is written by Kyaw Kyaw.

    စာသည် ကျော်ကျော်၏ရေးခြင်းကိုခံရသည်။

5. The tiger was killed by the hunter.

    ကျားသည် မုဆိုး၏ သတ်ခြင်းကိုခံခဲ့ရသည်။

## MAIN VERB

### အဓိကကြိယာ (သမ) ပဓါနကြိယာ

ကြိယာဆိုသည်မှာ နာမ်သို့မဟုတ် နာမ်စား (၁) မည်သို့ပြုလုပ်ကြောင်း (၂) မည်သို့ဖြစ်ကြောင်း သို့မဟုတ် ရှိကြောင်းကိုဖော်ပြသည့် စကားလုံးဖြစ်သည်။ Verb ကြိယာ နှစ်မျိုးရှိသည်။

1. Transitive Verb
2. Intransitive Verb တို့ဖြစ်သည်။

### 1. Transitive Verb ကံလိုသောကြိယာ

Transitive Verb ဆိုသည်မှာ ကံလိုသောကြိယာဖြစ်သည်။ ၎င်းကံကိုဖော်ပြလိုသည့်အခါ ဖော်ပြနိုင်သည်။ နားလည်၍ရနိုင်သည့်အခါတွင် မဖော်ပြဘဲလည်း ထားနိုင်သည်။

**Example:**

1. I am writing the letter.

    ငါသည် စာကိုရေးနေသည်။

2. The bird is singing.

    ငှက်သည် သီချင်းဆိုနေသည်။

3. Mother is cooking the chicken curry.

    အမေသည် ကြက်သားဟင်းချက်နေသည်။

4. She is singing a song.

    သူမသည် သီချင်းဆိုနေသည်။

5. Ma Ma is eating an apple.

    မမသည် ပန်းသီးတစ်လုံးကိုစားနေသည်။

6. Ko Ko is reading.

    ကိုကိုသည် စာဖတ်နေသည်။

### 2. Intransitive Verb ကံမလိုသောကြိယာ

Intransitive Verb ဆိုသည်မှာ "ပြုလုပ်ခြင်းခံရသည့် အရာမရှိသော" ကြိယာဖြစ်သည်။ ကံပုဒ်မပါဘဲ အဓိပ္ပါယ်ပြည့်စုံသည်။

**Example:**

1. The baby is sleeping.

    ကလေးငယ်သည် အိပ်နေသည်။

2. Kyaw Kyaw runs quickly.

    ကျော်ကျော်သည် လျင်မြန်စွာပြေးသည်။

3. Aye Aye Myint dances well.

    အေးအေးမြင့်သည် ကောင်းစွာကသည်။

4. The boys go to school.

    လူကလေးများသည် ကျောင်းသို့သွားသည်။

5. My father walks every morning.

    ငါ၏ အဖေသည် နံနက်တိုင်း လမ်းလျှောက်သည်။

## TRANSITIVE AND INTRANSITIVE VERBS

### ကံလိုသောကြိယာနှင့် ကံမလိုသောကြိယာများ

အောက်ပါဝါကျများကိုလေ့လာပါ။

1. The boy made a kite.

    လူကလေးသည် စွန်တစ်ခုကိုပြုလုပ်ခဲ့သည်။

2. The boy laughed.

    လူကလေးသည် ရယ်ခဲ့သည်။

ကျွန်ုပ်တို့က သင့်ကို The boy made လူကလေးပြုလုပ်ခဲ့သည်ဟု ပြောမယ်ဆိုရင် ကျွန်ုပ်တို့ပြောတဲ့စကားဟာ မပြည့်စုံဘူး။ လူကလေးဘာများပြုလုပ်ခဲ့ပါလိမ့်မယ်လို့ သင်သိချင်မှာ အမှန်ပဲ။

ဒါပေမယ့် "The boy made a kite" လူကလေးသည် စွန်တစ်ခုကို ပြုလုပ်ခဲ့သည်လို့ ပြောလိုက်တဲ့အခါမှာတော့ လူကလေးရဲ့ ပြုလုပ်ခြင်းခံရတဲ့ အရာဝတ္ထု ပါလာတယ်။ ဒါကြောင့်မို့လို့ အဲဒီ kite စွန်ဟာ made ဆိုတဲ့ ကြိယာရဲ့ object ကံဖြစ်တယ်။

mgyoe.com

object တစ်ခု လိုအပ်တဲ့ made ကဲ့သို့ ကြိယာမျိုးကို Transitive Verb ကံလိုသော ကြိယာလို့ ခေါ်တယ်။

ကျွန်ုပ်က "The boy laughed" လူကလေးရယ်ခဲ့သည်လို့ ပြောရင် အဓိပ္ပါယ်ကောင်းကောင်း ပြည့်စုံတယ်။ ဘာကို လူကလေးပြုံးခဲ့ကြောင်းလည်း သင်သိတယ်။ laughed ဆိုသည့် ကြိယာဟာ ကံမပါတဲ့နှင့် အဓိပ္ပါယ် ပြည့်စုံနေတယ်။ အခုလို ကံမပါဘဲ အဓိပ္ပါယ်ပြည့်စုံတဲ့ ကြိယာမျိုးကို Intransitive Verb လို့ ခေါ်တယ်။ အတိုချုပ်မှတ်ထားဖို့ကတော့ အဓိပ္ပါယ်ပြည့်စုံရန်အတွက် Transitive Verb လိုတယ်။ Intransitive Verb က object မလိုဘူး။

အောက်ပါဥပမာများကို နှိုင်းယှဉ်လေ့လာကြည့်ပါ။

### Transitive Verbs ကံလိုသောကြိယာများ

Han Yi shut the window.

ဟန်ရီသည် ပြတင်းပေါက်ကို ပိတ်ခဲ့သည်။

Ko Ko opened the door.

ကိုကိုသည် တံခါးပေါက်ကို ဖွင့်ခဲ့သည်။

Yin Maung saw a snake.

ရင်မောင်သည် မြွေတစ်ကောင်ကို မြင်ခဲ့သည်။

### Intransitive Verbs ကံမလိုသောကြိယာများ

The child still lives.

ကလေးသည် ယခုထက်တိုင်အောင် အသက်ရှင်ဆဲဖြစ်သည်။

Some animals swim.

အချို့တိရစ္ဆာန်များ ရေကူးကြသည်။

The poor woman wept..

ဆင်းရဲသောမိန်းမကြီး ငိုကြွေးခဲ့သည်။

### OBJECT ကံပုဒ်

OBJECT ဆိုသည်မှာ ကံပုဒ် ဖြစ်သည်။ အင်္ဂလိပ်သဒ္ဒါမှာ ကံပုဒ်နှစ်တွဲရှိသည်။

ပထမအတွဲမှာ -

(1) object of the verb ကြိယာ၏ ကံပုဒ်

(2) object of the preposition ဝိဘတ်၏ ကံပုဒ်တို့ ဖြစ်ကြသည်။

**Example:**

1. The man eats an apple.

လူကြီးသည် ပန်းသီးတစ်လုံးကို စားသည်။

အထက်ပါဝါကျ၌ ပန်းသီးသည် အမှန်တကယ် ပြုလုပ်ခြင်းကိုခံရသည်။ လူကြီးသည် ဘာကိုပြုလုပ်သနည်း။ စားခြင်းအမှုကို ပြုလုပ်သည်။ ဤဥပမာဝါကျကို ဆန်းစစ်ကြည့်လိုက်လျှင် object of the verb (ကြိယာ၏ကံပုဒ်)သည် ပြုလုပ်မှုကို အမှန်တကယ်ကိုယ်ထိလက်ရောက်ခံရကြောင်း သိသာထင်ရှားသည်။ ၎င်းဝါကျမျိုးကို Passive Voice ဝါကျဖြစ်အောင် ရေးသားနိုင်သည်။

2. The teacher sits on the chair.

ဆရာသည် ကုလားထိုင်ပေါ်မှာ ထိုင်သည်။

အထက်ပါဝါကျ၌ chair ၏ ရှေ့လျက်တွင် 'on' ရှိနေသည်။ ထို့ကြောင့် chair သည် on ၏ object ဖြစ်သည်။ ဝိဘတ်၏နောက်တွင် ရှိသည့်နာမ် သို့မဟုတ် နာမ်စားတို့သည် object of the preposition (ဝိဘတ်၏ ကံပုဒ်) ဖြစ်သည်။ ကြိယာ၏ကံပုဒ်မဟုတ် ဝိဘတ်၏ ကံပုဒ်များကိုလေ့လာကြည့်လျှင် ပြုလုပ်မှုကိုခံရကြောင်းမရှိပေ။ ကြိယာ၏ ကံပုဒ်နှင့်မတူပေ။

1. The cow is under the tree.

နွားသည် သစ်ပင်အောက်မှာရှိသည်။

2. The man is in the car.

လူကြီးသည် ကားထဲမှာရှိသည်။

3. The book is on the table.

စာအုပ်သည် စားပွဲပေါ်မှာရှိသည်။

4. I sit with him.

ငါသည် သူနှင့်အတူထိုင်သည်။

5. I go with him.

ငါသူနှင့်အတူသွားသည်။

ဒုတိယအတွဲမှာ - (1) Direct object (တကယ်ခံရသည့်ကံပုဒ်)

(2) Indirect object (တဆင့်ခံကံပုဒ်) တို့ဖြစ်ကြသည်။

မြန်မာလို တိုက်ရိုက်ကံပုဒ်နှင့်တစ်ဆင့်ကံပုဒ်ဟုခေါ်သည်။

mgyoe.com

mgyoe.com

**Example:**

I gave him a book.

ကျွန်ုပ်သူ့ကို စာအုပ်တစ်အုပ်ပေးသည်။

a book သည် direct object ဖြစ်သည်။ him သည် indirect object ဖြစ်သည်။ ဤဝါကျကိုကြည့်လျှင် စာအုပ်က တကယ်အပေးခံရသည်။ သူက စာအုပ်ကိုလက်ခံသည်။ ကိုယ်ထိလက်ရောက်တကယ်ပေးခြင်း စသည်ဖြင့် ပြုလုပ်မှုခံရသော နာမ်သည် Direct Object ဖြစ်သည်။ အထက်ပါဝါကျကို နောက်တစ်နည်းရေးသားကြည့်လျှင် အောက်ပါအတိုင်းဖြစ်လာသည်။

I gave a book to him.

ကျွန်ုပ်သည် စာအုပ်တစ်အုပ်ကို သူ့အားပေးသည်။ ယခုလိုဒုတိယနည်းဖြင့် ရေးကြည့်လိုက်သောအခါ ဝိဘတ်နှင့်တွဲဖက်သော နာမ်လိုပုဒ် နာမ်စားသည် Indirect Object ဖြစ်ကြောင်း တွေ့မြင်နိုင်သည်။

အောက်ပါဝါကျများကို ဆက်လက်လေ့လာပါ။

1. Tun Tun gives Kyaw Kyaw a pencil.

   ထွန်းထွန်းသည် ကျော်ကျော်ကို ခဲတံတစ်ချောင်းပေးသည်။

   [Tun Tun gives a pencil to Kyaw Kyaw.]

2. The teacher tells her students a story.

   ဆရာမသည် သူ၏ကျောင်းသူ/သားများကို ပုံတစ်ပုံပြောပြသည်။

   [The teacher tells a story to her students.]

3. I buy him a bag.

   ကျွန်ုပ်သည် သူ့ကို လွယ်အိတ်တစ်လုံးဝယ်ပေးသည်။

   [I buy a bag for him.]

4. The carpenters build them a house.

   လက်သမားများသည် သူတို့ကို အိမ်တစ်လုံးဆောက်ပေးသည်။

   [The carpenters build a house for them.]

**POSSESSIVE CASE**

**ပိုင်ဆိုင်မှု သဏ္ဍာန်**

အောက်ပါဝါကျများကိုလေ့လာပါ။

1. This is Yin Maung's book.

   ဤဟာသည် ရင်မောင်၏ စာအုပ်ဖြစ်သည်။

2. Is that your brother's bat?

   ထိုဟာသည် သင့်အစ်ကို၏ ဘတ်တံလား။

3. My uncles' house is far from here.

   ကျွန်ုပ်ဦးလေး၏ အိမ်သည် ဒီနေရာမှဝေးသည်။

အထက်ပါဝါကျများကိုလေ့လာကြည့်လိုက်လျှင် နာမ်တစ်ခုစီပါဝင်နေကြောင်း တွေ့နိုင်သည်။ ယင်းတို့ကတော့ Yin Maung's book, brother's bat, uncles' house တို့ဖြစ်ကြသည်။ ယင်းနှစ်လုံးတစ်တွဲက ပထမအလုံးက ပိုင်ဆိုင်သူဖြစ်ပြီး ဒုတိယအလုံးကတော့ အပိုင်ခံရတဲ့နာမ်ဖြစ်သည်။ ပိုင်ဆိုင်မှုကိုဖော်ပြသည့် အရလိုနာမ် သို့မဟုတ်နာမ်စားကို Possessive Case ပိုင်ဆိုင်မှုပြသဏ္ဍာန်ဟုခေါ်သည်။

အထက်ပါဝါကျထဲမှာ Yin Maung's, brother's uncles's တို့သည် Possessive Case များဖြစ်ကြသည်။

မှတ်ချက် ။ ။ Possessive ၏ အဓိပ္ပာယ်တွဲအဖြစ်နှင့် Genitive Case ဟုလည်းခေါ်သေးသည်။ Possessive Case တစ်ခုဟာ "whose"? ဘယ်သူ့ရဲ့ဟာလဲဆိုသည့် မေးခွန်းကိုဖြေသည်။

Whose book is this? Yin Maung's

ဘယ်သူ့ရဲ့ စာအုပ်လဲ။ ရင်မောင်ရဲ့ (စာအုပ်)

ယခုအောက်ပါဝါကျများလေ့လာပါ။

1. San Lwin's mother is ill.

   စန်းလွင်၏အမေသည် နေမကောင်းပါ။

2. The horse's mane is long.

   မြင်း၏လည်ဆံမွေးသည် ရှည်သည်။

3. The bee's sting is painful.

   ပျားတုပ်တာနာသည်။

mgyoe.com

mgyoe.com

အထက်ပါဝါကျများထဲမှ ရှိသောပိုင်ဆိုင်မှုသတ္တာနာမ်များဟာ ဧကဝုစ်ကိန်းများ (အနည်းကိန်း) ဖြစ်ကြသည်။ အများကိန်းပိုင်ဆိုင်မှုသတ္တာနာမ်ဖြစ်ဖို့အတွက် ['s ... apostrophe and s... အပေါ်စတော်ဖီ – အက်စ်] ထည့်ပေးရသည်။ အောက်ပါဝါကျများထဲရှိ ပိုင်ဆိုင်မှုသတ္တာနာမ်များကိုထပ်မံလေ့လာပါ။

1. Many boys' books are lost.

   များစွာသော လူကလေးများ၏ စာအုပ်များပျောက်ဆုံးကြသည်။

2. All these horses' feet are shod.

   အားလုံးသော ဤမြင်းများ၏ ခြေထောက်များတွင် သံခွာရိုက်သည်။

3. We saw rows of soldiers' tents.

   ကျွန်ုပ်တို့သည် စစ်သားများ၏ ရွက်ထည်တဲတန်းများကိုတွေ့ခဲ့ကြသည်။

အထက်ပါဝါကျများထဲမှရှိသည့်ပိုင်ဆိုင်မှု သတ္တာနာမ်များဟာ ဗဟုဝုစ်ကိန်းများ (အများကိန်း) ဖြစ်နေသည်ကို သတိပြုမိပါလိမ့်မည်။ နာမ်အများကိန်းများဟာ 's' နဲ့အဆုံး သတ်နေတာမို့ apostrophe (') ကိုသာထည့်ရသည်။ s' ထည့်ရန်မလိုတော့ကြောင်း သတိပြုပါ။

◈ ◈ ◈ ◈ ◈ ◈ ◈

## သင်ခန်းစာ (၃)
## SENTENCE, CLAUSE, PHRASE
## ဝါကျ၊ ကလော့စ်စကားစု၊
## ပရေ့စ်စကားစု
## SENTENCE ဝါကျ

ဝါကျတစ်ခု ဆိုသည်မှာ subject (အကြောင်းအရာ) Main Verb (အဓိက ကြိယာလို့ပဲဟုတ် ပဓါန်ကြိယာ)နှင့် Complete Maning (ပြည့်စုံသည့် အဓိပ္ပါယ်ပါရှိသော) စကားစုကိုခေါ်သည်။

မှတ်ချက်။ ။
(1) Sentence တိုင်းကို Capital Letter စာလုံးအကြီးနဲ့ စတင်ရေးပါ။
(2) ဆုံးသည့်အခါတိုင်း (.) Full - stop ချပေးပါ။
(3) I ကျွန်ုပ်ဆိုသည့်စကားလုံးကို အမြဲတမ်းစာလုံးကြီးနဲ့ရေးပါ။

**Example:**

1. The book is on the table.

   စာအုပ်သည် စားပွဲပေါ်မှာရှိသည်။

2. I go to school.

   ငါသည် ကျောင်းသို့သွားသည်။

3. My teacher is fat.

   ငါ၏ဆရာမသည် ဝသည်။

4. We eat everyday.

   ငါတို့သည် နေ့တိုင်းစားသည်။

5. She has a car.

   သူမှာ ကားတစ်စီးရှိသည်။

6. They buy house.

   သူတို့သည် အိမ်တစ်လုံးကိုဝယ်သည်။

7. He is taking a bath.

   သူသည် ရေချိုးနေသည်။

8. It is a pen.

   ထိုဟာသည် ပင်တံတစ်ချောင်းဖြစ်သည်။

9. I have my breakfast at 8 o'clock.

   ငါနံနက်စာကို (၈:၀၀)နာရီမှာစားသည်။

10. I go to my office at 8:30.

    ငါရုံးသို့ (၈:၃၀)နာရီမှာ သွားသည်။

11. My house is far from it.

    ငါ၏ အိမ်သည် ထိုဟာ (ငါ့ရုံး)နှင့်ဝေးသည်။

12. I work hard all day.

    ငါ တစ်နေ့လုံး အလုပ်အပြင်းအထန်လုပ်သည်။

13. I return home in the evening.

    ငါ ညနေမှာ အိမ်ပြန်သည်။

14. I went to the movies.

    ငါ ရုပ်ရှင်သွားခဲ့သည်။

mgyoe.com

15. I go from Yangon to my farm.

ငါသည် ရန်ကုန်မှ ငါ၏လယ်ယာခြံသို့သွားသည်။

### EXERCISE (1)

Make a SENTENCE about each of the following.

အောက်ပါတစ်ခုစီကို ဝါကျဖြစ်အောင်ရေးသားပေးပါ။

**Example:**

Dogs and cats ခွေးများနှင့်ကြောင်များ

Dogs and cats are enemies.

ခွေးများနှင့်ကြောင်များသည် ရန်သူများဖြစ်ကြသည်။ သို့မဟုတ်

Dogs hate cats.

ခွေးများသည် ကြောင်များကို မုန်းကြသည်။

1. Birds and trees ငှက်များနှင့်သစ်ပင်များ
2. Cats and milk ကြောင်များနှင့်နွားနို့
3. Tun Tun and his dog ထွန်းထွန်းနှင့်သူ၏ခွေး
4. Bullocks and carts နွားထီးများနှင့်လှည်းများ
5. The sun and the sky နေနှင့်မိုးကောင်းကင်
6. Cows and grass နွားမများနှင့်မြက်
7. Birds and wings ငှက်များနှင့်အတောင်ပံများ

### CLAUSE ကလော့စ်စကားစု

ကလော့စ်စကားစုဆိုသည်မှာ Subject (အကြောင်းအရာ)နှင့် Main Verb (ပဓာနကြိယာ (or) အဓိကကြိယာ) ပါရှိသော်လည်း ပြည့်စုံသည့် အဓိပ္ပါယ်ကင်းမဲ့သော စကားစု ကိုခေါ်သည်။

**Example:**

1. If the book is on the table,

   စာအုပ်သည် စားပွဲပေါ်မှာရှိလျှင်

2. When I go to school,

   ငါသည် ကျောင်းသို့သွားသောအခါ

3. Although my teacher is fat,

   ငါ၏ဆရာမသည် ဝသော်လည်း

4. Before we eat everyday,

   ငါသည် နေ့တိုင်းမစားမီ

5. Before I return home at 5 o'clock,

   ငါ ၅ နာရီမှာအိမ်ကိုမပြန်မီ

### PHRASE ဖရေ့စ်စကားစု

Phras ဖရေ့စ်စကားစု Subject (အကြောင်းအရာ) Main Verb (ပဓာနကြိယာ) Complete Meaning (ပြည့်စုံသောအဓိပ္ပါယ်) မပါရှိသည့်စကားစုဖြစ်သည်။

**Example:**

| | |
|---|---|
| at 8 o'clock | between the two chairs |
| ရှစ်နာရီမှာ | ကုလားထိုင်နှစ်လုံးကြားမှာ |
| in the house | behid the table |
| အိမ်ထဲမှာ | စားပွဲနောက်မှာ |
| under the tree | on the road |
| သစ်ပင်အောက်မှာ | လမ်းပေါ်မှာ |
| a long time | to my office |
| အချိန်အကြာကြီး | ငါ၏ရုံးသို့ |
| all day | in the evening |
| တစ်နေ့လုံး | ညနေမှာ |

### အကျဉ်းချုပ်မှတ်သားထားရန် ယေဘုယျပုံစံ

| အမှတ်စဉ် | Group of Words | Subject အကြောင်းအရာ | Main Verb ပဓာန(သို့) အဓိကကြိယာ | Complete Meaning ပြည့်စုံသည့်အဓိပ္ပါယ် |
|---|---|---|---|---|
| a | sentence | ရှိ | ရှိ | ရှိ |
| b | Clause | ရှိ | ရှိ | မရှိ |
| c | Phrase | မရှိ | မရှိ | မရှိ |

အထူးမှတ်ရန်မှာ – မှတ်ချက် (၁)

အင်္ဂလိပ်ဘာသာမှာ အောက်ပါအတိုင်း sentence ဝါကျသုံးမျိုးရှိသည်။ ၎င်းတို့မှာ

1. Simple Sentence

   ရိုးရိုးဝါကျ သို့မဟုတ် လွယ်ကူသောဝါကျ

2. Compound Sentence
ပေါင်းစပ်ဝါကျ
3. Complex Sentence
ရှုပ်ထွေးဆက်ခဲသောဝါကျတို့ဖြစ်သည်။

မှတ်ချက် (၂)

အင်္ဂလိပ်ဘာသာမှာ အောက်ပါအတိုင်း Clause ကလော့စ်သုံးမျိုးရှိသည်။ ၎င်းတို့မှာ-

1. Adjective Clause
2. Noun Clause
3. Adverb Clause တို့ဖြစ်ပါသည်။

မှတ်ချက် (၃)

အင်္ဂလိပ်ဘာသာမှာ အောက်ပါအတိုင်း Phrase ဖရေ့စ်သုံးမျိုးရှိသည်။ ၎င်းတို့မှာ-

1. Adjective Phrase
2. Noun Phrase
3. Adverb Phrase တို့ဖြစ်သည်။

◈ ◈ ◈ ◈ ◈ ◈ ◈

**EXERCISE (2)**

Read the following groups of words and say whether they are sentence, clause or phrase.

အောက်ပါစကားစုများကို ဖတ်ပြီး ယင်းတို့က Sentence, Clause, Phrase တို့အနက်မှ မည်သည့်စကားစုဖြစ်ကြောင်းပြောပါ။

1. I live in Yangon.
ငါရန်ကုန်မှာနေတယ်။
2. Are you trying to get a passport?
မင်းနိုင်ငံကူးလက်မှတ်တစ်ခုရဖို့ကြိုးစားနေသလား။
3. As soon as I have written a litter,
ငါ စာတစ်စောင်ရေးပြီးလျှင်ပြီးချင်း
4. To go to Japan quickly,
ဂျပန်ပြည်သို့လျင်မြန်စွာသွားရန်
5. Ko Ko got off the bus at shwegondine bus-stop.
ကိုကိုသည် ရွှေဂုံတိုင် ဘတ်စ်ကားမှတ်တိုင်မှာ ဘတ်စ်ကားပေါ်မှဆင်းခဲ့သည်။
6. The wounded man died yesterday.
ဒဏ်ရာရသောလူကြီး မနေ့က သေဆုံးခဲ့သည်။
7. Without having his dinner,
သူ၏ ညစာမစားဘဲ
8. He usually has his dinner at 8 o'clock.
သူသည် သူ၏ညစာကို (၈း၀၀)နာရီမှာစားလေ့ရှိသည်။
9. Where do you work?
ဘယ်မှာမင်း အလုပ်လုပ်သလဲ။
10. Near kamayut traffic light,
ကမာရွတ်မီးပွိုင့်အနီးမှာ
11. Why do you answer rudely?
ဘာကြောင့် မင်းရိုင်းရိုင်းစွာ ဖြေကြားသလဲ။
12. Why he sold his house cheaply,
ဘာကြောင့် သူဟာ သူ့အိမ်ကို ဈေးပေါပေါနှင့် ရောင်းချခဲ့သလဲဆိုတာ
13. Where he lives,
ဘယ်မှာသူနေသလဲဆိုတာ
14. Where does he live?
ဘယ်မှာ သူနေသလဲ
15. How old is your father?
ဘယ်လောက် မင်းအဖေအိုသလဲ
16. How he got his Japanese visa,
ဘယ်လိုလုပ်သူဟာ ဂျပန်ပြည်ဝင်ခွင့်ရခဲ့သလဲဆိုတာ
17. How did he get his Japanese visa?
ဘယ်လိုလုပ်သူဟာ ဂျပန်ပြည်ဝင်ခွင့်ရခဲ့သလဲ
18. Where his house is,
သူ့အိမ်ဘယ်မှာလဲဆိုတာ



mgyoe.com

mgyoe.com

19. Wher is his house?

သူ့အိမ်ဘယ်မှာလဲ။

20. It rains heaving.

မိုးပြင်းထန်စွာရွာသည်။

21. If it rains heavily,

မိုးပြင်းထန်စွာရွာလျှင်

22. By the name of Saw Tha Htoo

စောသာထူးဟု အမည်ရှိသော

23. Sitting on the chair

ကုလားထိုင်ပေါ်မှာထိုင်နေရင်း/လျက်

24. Only using an old bow and a bamboo arrow

လေးအိုကြီးတစ်လက်နှင့် ဝါးမြားတစ်ခုကိုသာအသုံးပြုလျက်

25. Withouit an ambrella yesterday

ထီးတစ်လက်မပါဘဲ မနေ့က

26. I listened to Aye Chan May's songs.

ငါသည် အေးချမ်းမေ၏ သီချင်းတွေကို နားထောင်ခဲ့သည်။

27. Destroyed by the insurgents

သောင်းကျန်းသူများ၏ ဖျက်ဆီးခြင်းခံရသောကြောင့်

## PHRASING ရုပ်ထွက်ခြင်း

အောက်ပါဝါကျထဲမှာ ပါဝင်သည့် စကားလုံးအမည်တွေကို ရုပ်ထွက်ကြည့်ကြမယ်။

A crow once stole a big piece of cheese.

တစ်ခါက ကျီးကန်းတစ်ကောင်သည် ကြီးသောဒိန်ခဲတစ်ခဲကိုခိုးခဲ့၏။

He came after we left.

ကျွန်ုပ်တို့ထွက်သွားခဲ့ပြီးနောက် သူလာခဲ့၏။

cow: (ကျီးကန်း) က အမည်တစ်ခုဖြစ်တယ်။ ထို့ကြောင့် နာမ်တစ်ခုဖြစ်တယ်။

once: (တစ်ခါက) ဆိုတာ ဘယ်တုန်းက ကျီးကန်းခိုးခဲ့ကြောင်း ဖော်ပြတယ်။ ဒါကြောင့် Adverb ကြိယာဝိသေသနတစ်ခုဖြစ်တယ်။

stole: (ခိုးခဲ့သည်) ဆိုတာ ကျီးကန်းက ဘာလုပ်ခဲ့သလဲဆိုတာ ဖော်ပြတယ်။ ဒါကြောင့် verb ကြိယာတစ်ခုဖြစ်တယ်။

Big: (ကြီးသော) ဆိုတာ ဒိန်ခဲဆိုတဲ့ နာမ်ကိုအထူးပြုတယ်။ ဒါကြောင့် Adject နာမဝိသေသန တစ်ခုဖြစ်တယ်။

of: စကားလုံးကတော့ Piece နဲ့ cheese ဆိုတဲ့ နာမ် Noun နှစ်ခုရဲ့ သက်ဆိုင်မှုကိုဖော်ပြတယ်။ ဒါကြောင့် Preposition ဝိဘတ်တစ်ခုဖြစ်တယ်။

he: ကို Noun နာမ်တစ်ခုရဲ့အစားထိုးသုံးထားခြင်းဖြစ်သည်။ ဒါကြောင့် Pronoun နာမ်စားတစ်ခုဖြစ်တယ်။

after: ကတော့ He came နဲ့ We left ဆိုတဲ့ ဝါကျနှစ်ကြောင်းကို ဆက်ပေး တယ်။ ဒါကြောင့် Conjunction စကားဆက်တစ်ခုဖြစ်တယ်။

စာကြောင်းတစ်ကြောင်းကို ဖတ်ရှု လေ့လာပြီးတဲ့နောက် အထက်ပါအတိုင်း စိစစ်လေ့လာခြင်းကို Parsing ရုပ်ထွက်ခြင်းလို့ခေါ်တယ်။ စာသင်သားများ အနေနဲ့ အောက်ပါအတိုင်း တစ်နည်းတစ်လမ်းလေ့ကျင့်နိုင်တယ်။

crow: Noun ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် နာမည်တစ်ခုဖြစ်လို့။

once: Adverb ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ကျီးကန်းဘယ်တုန်းက ခိုးခဲ့ကြောင်း ဖော်ပြလို့။

stole: verb ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ကျီးကန်းဘာလုပ်ခဲ့ကြောင်း ဖော်ပြလို့။

big: Adjective ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် Noun ကို အထူးပြုလို့။

of: Preposition ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် Piece နဲ့ Cheese ဆိုတဲ့ Noun နှစ်ခုရဲ့ သက်ဆိုင်မှုကိုဖော်ပြပါတယ်။

he: Pronoum ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် Noun ရဲ့အစားထိုးသုံးထားလို့။

after: Conjuction ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ဝါကျတို့နှစ်ခုကိုဆက်ပေးလို့။

## THE PUNCTUATION ပုဒ်ဖြတ်၊ ပုဒ်ရပ်

| | | |
|---|---|---|
| 1. | Full stop | (.) ဝါကျအဆုံးမှာ |
| 2. | Question mark | (?) မေးခွန်းအဆုံးမှာ |
| 3. | Exclamation mark | (!) အာမေဍိတ်စကားလုံး၊ ဝါကျအဆုံးမှာ |
| 4. | Comma | (,) စကားလုံးများကိုဆက်ရင် |
| 5. | Hyphen | (-) စကားလုံးများပေါင်းရေးရင် (တုံးတို) |
| 6. | Semicolon | (;) စကားဆက်စကားလုံးမပါသော စကားစုများအကြား |
| 7. | Apostrophe | (') ပိုင်ဆိုင်မှုပြနာမ်တွေရဲ့နောက်မှာ |

mgyoe.com

mgyoe.com

8. Dash (–) တုံးရှည်

9. Colon (:) အပိုဒ်ခွဲစသည် ဆက်လက်ဖော်ပြရန် သုံးသော သင်္ကေတ

10. Open / Close — inverted Comma ("") မျက်တောင်အဖွင့်အပိတ်သင်္ကေတ

11. Slash (/) မျဉ်းစောင်း

◈ ◈ ◈ ◈ ◈ ◈ ◈

## သင်ခန်းစာ (၄)

## KIND OF SENTENCES

## ဝါကျအမျိုးအစားများ

## ဝါကျ (၄) ကြောင်း

1. Affirmative Sentecne ဟုတ်ဝါကျ
2. Negative Sentence မဟုတ်ဝါကျ
3. Affirmative Question ဟုတ်အမေး
4. Negative Question မဟုတ်အမေး

အထက်ပါဝါကျ (၄)ကြောင်းသည် အင်္ဂလိပ်စာရေးရာတွင် လိုရင်းဝါကျများဖြစ်ကြသည်။

1. ဝါကျသည် "ဖြစ်ကြောင်း၊ ရှိကြောင်း" ရေးရာတွင်သုံးသည်။ Affirmative Sentence ဟုတ်ဝါကျ ဖြစ်သည်။

2. ဝါကျသည် "မဖြစ်ကြောင်း၊ မရှိကြောင်း" ကိုရေးရာတွင်သုံးသည်။ အင်္ဂလိပ်လို Negative Sentence မဟုတ်ဝါကျ ဖြစ်သည်။

3. ဝါကျသည် "ဖြစ်သလား၊ ဟုတ်သလား" အကြောင်းရေးရာတွင်သုံးသည်။ အင်္ဂလိပ်လို Affirmative Question ဟုတ်အမေး ဖြစ်သည်။

4. ဝါကျသည် "မဖြစ်ဘူးလား၊ မဟုတ်ဘူးလား" အကြောင်းရေးရာတွင်သုံးရသည်။ အင်္ဂလိပ်လို Negative Question မဟုတ်အမေး ဖြစ်သည်။

**စာရေးနည်း၊ စကားပြောနည်း (၂) နည်းရှိသည်။**

1. Verb to be ဖြစ်ကြောင်း၊ ရှိကြောင်း၊ ရေးသည်၊ ပြောသည်။
2. Verb to do ပြု၊ ပု၊ လုပ်ရှားမှုများကို ရေးသည်၊ ပြောသည်။

Verb to be – am, is, are, was, were, will be

Verb to do – do, does, did, will do

### WITH VERBS TO BE

SIMPLE PRESENT TENSE ------ Am, Is, Are

SIMPLE PAST TENSE ------ Was, Were

SIMPLE FUTURE TENSE ------ Will be

### PERSONAL PRONOUNS

### ပုဂ္ဂိုလ်နာမ်စားများ

အောက်ပါဝါကျများကို လေ့လာပါ။

1. Did **I** not tell **you** to be punctual, Yin Maung?
   ငါမင်းကို အချိန်မှန်ဖို့ ပြောထားခဲ့တယ်မဟုတ်လား။ ရင်မောင်။
2. **We** should always speak the truth.
   ကျွန်ုပ်တို့ အမှန်ကိုအမြဲပြောကြားသင့်သည်။
3. Why are **you** crying? Are **you** afraid of **me**?
   မင်းဘာလို့ ငိုနေတာလဲ မင်းငါ့ကိုကြောက်လို့လား။
4. Let **us** go out far a walk.
   ကျွန်ုပ်တို့လမ်းလျှောက်ထွက်ကြစို့။
5. Some men are not honest. **They** steal things.
   အချို့သောလူများသည် မရိုးသားကြပါ။ သူတို့ပစ္စည်းများကိုခိုးကြသည်။
6. Open this box. **It** is locked.
   ဤသေတ္တာကိုဖွင့်ပါ။ ယင်းကိုသော့ခတ်ထားသည်။
7. **I, you, he** and **she** will do it together.
   ကျွန်ုပ် သင် သူနှင့် သူမ ဤအရာကို ပူးပေါင်းလုပ်ကြမည်။

အထက်ပါဝါကျများထဲမှာ ရှိတဲ့နာမ်စားများဟာ လူ သို့မဟုတ် အရာဝတ္ထုများအတွက် ရပ်တည်နေကြခြင်းဖြစ်သည်။ ဒီလိုနာမ်စားအမျိုးအစားကို Personal Pronouns ပုဂ္ဂိုလ်နာမ်စားများလို့ခေါ်သည်။ "ပြောကြားသောသူကို ရည်ညွှန်းတဲ့ နာမ်စားကို **First Person** ပထမပုဂ္ဂိုလ်" ဟု ခေါ်သည်။ ယင်းတို့ကတော့ I, me, my, we, us, our တို့ဖြစ်ကြသည်။ "နားထောင် ကြားနေသူကို ကိုယ်စားပြု ရည်ညွှန်းတဲ့ နာမ်စားကိုတော့ **Second Person** ဒုတိယပုဂ္ဂိုလ်" ဟု ခေါ်သည်။ ယင်းတို့ကတော့ you, you, your, ကောင်းကျိုး

mgyoe.com

mgyoe.com

(အနည်း ကိန်း) နဲ့ you, you, your ယောက္ခကိန်း (အများကိန်း) တို့ဖြစ်ကြသည်။ "အကြောင်းအရာပြုပြောကြားခံရတဲ့လူ သို့မဟုတ် အရာဝတ္ထုကို **Third Person** တတိယလူ" ဟု ခေါ်သည်။ ယင်းတို့မှာ (a) he, him, his (b) she, her, her (c) it, it, its (ထိုဟာသည် ထိုဟာကို ထိုဟာ၏) တို့နှင့် ၎င်းတို့၏ ယောက္ခကိန်း (အများကိန်း) များဖြစ်ကြသည့် they, them, their တို့ဖြစ်ကြသည်။ they, them, their တို့သည် (a) he, him, his (b) she, her, her (c) it, it, its အုပ်စုသုံးစုလုံး၏ ယောက္ခကိန်းများဖြစ်ကြကြောင်း အလိုက်မှတ်ထားသင့်သည်။ တဆက်ထဲ ဉာဏ်သက်ရောက် သဘောပေါက်ဖို့ကတော့ he, she, it, they တို့သည် Third Person ဖြစ်တာမို့ he နှင့် ညီမျှသည့် Maung Maung, the boy, the man, father စသည်တို့သည်လည်း Third Person များပဲဖြစ်သည်။ he, she, it, they တို့နှင့် အသီးသီးအစား ထိုးလို့ရသည့် နာမ်များသည်လည်း Third Person ပင်ဖြစ်ကြောင်း ဒီသဘောအတိုင်း ဆက်လက်မှတ်သားပါ။ လိုရင်းမှတ်ဖို့မှာ -

## SUBJECT PRONOUN AND PERSONS
## အဓိကနာမ်စားချစ်လုံးနှင့် ဝါစင်များ

| Person | Singular နည်း | Plural များ |
|---|---|---|
| First Person<br>ပြောကြားသူ<br>ဖြစ်သည်။ | I<br>ငါ ကျွန်ုပ် ကျွန်တော်<br>ကျွန်မသည် | We<br>ငါတို့ ကျွန်ုပ်တို့ ကျွန်တော်<br>တို့၊ ကျွန်မတို့သည် |
| Secon Person<br>နားထောင်ကြားနာသူ<br>ဖြစ်သည်။ | You<br>နင် မင်း သင် ရှင်<br>ခင်ဗျားသည် | You<br>နင်တို့ မင်းတို့ သင်တို့<br>ရှင်တို့၊ ခင်ဗျားတို့သည် |
| Third Person<br>အကြောင်းအရာပြုပြော<br>ကြားခြင်းခံရသည့်လူ<br>(or) အရာဝတ္ထု | He သူသည်<br>She သူမသည်<br>It ထိုဟာ/၎င်းသည် | သူတို့သည်<br>They သူမတို့သည်<br>၎င်းတို့သည်<br>ထိုဟာတို့သည် |

# အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ

## ဝါကျ (၄) ကြောင်းကို Person များဖြင့် တည်ဆောက်ခြင်း

## SIMPLE PRESENT TENSE

### Am, Is, Are သည်၊ ကြသည်။

### First Person (ပထမလူ)

| Singular Number<br>အနည်းကိန်း | Plural Number<br>အများကိန်း |
|---|---|
| 1. I am ......<br>ငါဖြစ်သည် ငါရှိသည်။ | 1. We are ......<br>ငါတို့ဖြစ်ကြသည် ငါတို့ရှိကြသည်။ |
| 2. I am not ........<br>ငါမဖြစ်ဘူး ငါမရှိဘူး | 2. We are not ........<br>ငါတို့မဖြစ်ကြဘူး ငါတို့မရှိကြဘူး |
| 3. Am I ...........?<br>ငါဖြစ်သလား၊ ငါရှိသလား။ | 3. Are we ..........?<br>ငါတို့ဖြစ်ကြသလား ငါတို့ရှိကြသလား။ |
| 4. Am I not .........?<br>ငါမဖြစ်ဘူးလား ငါမရှိဘူးလား။ | 4. Are we not.......?<br>ငါတို့မဖြစ်ကြဘူးလား ငါတို့မရှိကြဘူးလား။ |

### Second Person (ဒုတိယလူ)

| Singular Number<br>အနည်းကိန်း | Plural Number<br>အများကိန်း |
|---|---|
| 1. You are ......<br>မင်းဖြစ်တယ် မင်းရှိတယ်။ | 1. You are ......<br>မင်းတို့ ဖြစ်ကြသည် မင်းတို့ရှိကြသည်။ |
| 2. You are not ........<br>မင်းမဖြစ်ဘူး မင်းမရှိဘူး။ | 2. You are not .......<br>မင်းတို့မဖြစ်ကြဘူး မင်းတို့မရှိကြဘူး။ |
| 3. Are you........?<br>မင်းဖြစ်သလား မင်းရှိသလား။ | 3. Are you ........?<br>မင်းတို့ဖြစ်ကြသလား မင်းတို့ရှိကြသလား။ |
| 4. Are you not......?<br>မင်းမဖြစ်ဘူးလား မင်းမရှိဘူးလား။ | 4. Are you not .......?<br>မင်းတို့မဖြစ်ကြဘူးလား/မရှိကြဘူးလား။ |

မှတ်ချက် - You သည် နှဲ့မှားများ You are ဖြစ်သည်။
You is ဘယ်တော့မှ အသုံးမရှိပေ။

mgyoe.com

mgyoe.com

## Third Person (တတိယပုဂ္ဂိုလ်)

| Singular Number<br>အနည်းကိန်း | Plural Number<br>အများကိန်း |
|---|---|
| 1. He is ......<br>သူဖြစ်သည် သူရှိသည်။ | 1. They are ......<br>သူတို့ ဖြစ်ကြသည်/ရှိကြသည်။ |
| 2. He is not........<br>သူမဖြစ်ဘူး သူမရှိဘူး။ | 2. They are not......<br>သူတို့မဖြစ်ကြဘူး သူတို့မရှိကြဘူး။ |
| 3. Is he .........?<br>သူဖြစ်သလား သူရှိသလား။ | 3. Are they .....?<br>သူတို့ဖြစ်ကြသလား/ရှိကြသလား။ |
| 4. Is he not ...........?<br>သူမဖြစ်ဘူးလား သူမရှိဘူးလား။ | 4. Are they not.........?<br>သူတို့မဖြစ်ကြဘူးလား/မရှိကြဘူးလား။ |
| 1. She is ......<br>သူမဖြစ်သည် သူမရှိသည်။ | 1. They are ........<br>သူမတို့ဖြစ်ကြသည်/ ရှိကြသည်။ |
| 2. She is not .......<br>သူမ မဖြစ်ဘူး သူမ မရှိဘူး။ | 2. They are not .......<br>သူမတို့ မဖြစ်ကြဘူး/မရှိကြဘူး။ |
| 3. Is she ..........?<br>သူမ ဖြစ်သလား သူမရှိသလား။ | 3. Are they ..........?<br>သူမတို့ဖြစ်ကြသလား/ရှိကြသလား။ |
| 4. Is she not .......?<br>သူမ မဖြစ်ဘူးလား/မရှိဘူးလား။ | 4. Are they not.......?<br>သူမတို့ မဖြစ်ကြဘူးလား/မရှိကြဘူးလား။ |
| 1. It is....<br>ထိုအရာဖြစ်သည်။ ထိုအရာရှိသည်။ | 1. They are ........<br>ထိုအရာများဖြစ်ကြသည်/ရှိကြသည်။ |
| 2. It is not ..........<br>ထိုအရာမဖြစ်ဘူး ထိုအရာမရှိဘူး။ | 2. They are not.......<br>ထိုအရာများမဖြစ်ကြဘူး/မရှိကြဘူး။ |
| 3. Is it ...........?<br>ထိုအရာဖြစ်သလား/ရှိသလား။ | 3. Are they ........?<br>ထိုအရာများဖြစ်ကြသလား/ရှိကြသလား။ |
| 4. Is it not...........?<br>ထိုအရာမဖြစ်ဘူးလား/မရှိဘူးလား။ | 4. Are they not........?<br>ထိုအရာများမဖြစ်ကြဘူးလား/မရှိကြဘူးလား။ |

◈ ◈ ◈ ◈ ◈ ◈ ◈

## SIMPLE PAST TENSE

### Was, Were ခဲ့သည်။ ခဲ့ကြသည်။

### First Person (ပထမပုဂ္ဂိုလ်)

| Singular Number<br>အနည်းကိန်း | Plural Number<br>အများကိန်း |
|---|---|
| 1. I was ......<br>ငါဖြစ်ခဲ့တယ်။ ငါရှိခဲ့တယ်။ | 1. We were ......<br>ငါတို့ဖြစ်ခဲ့ကြတယ် ငါတို့ရှိခဲ့ကြတယ်။ |
| 2. I was not......<br>ငါမဖြစ်ခဲ့ဘူး ငါမရှိခဲ့ဘူး။ | 2. We were not........<br>ငါတို့မဖြစ်ခဲ့ကြဘူး ငါတို့မရှိခဲ့ကြဘူး။ |
| 3. Was I ............?<br>ငါဖြစ်ခဲ့သလား ငါရှိခဲ့သလား။ | 3. Were we .........?<br>ငါတို့ဖြစ်ခဲ့ကြသလား ငါတို့ရှိခဲ့ကြသလား။ |
| 4. Was I not..........?<br>ငါမဖြစ်ခဲ့ဘူးလား ငါမရှိခဲ့ဘူးလား။ | 4. Were we not...........?<br>ငါတို့မဖြစ်ခဲ့ကြဘူး ငါတို့မရှိခဲ့ကြဘူးလား။ |

### Second Person (ဒုတိယပုဂ္ဂိုလ်)

| Singular Number<br>အနည်းကိန်း | Plural Number<br>အများကိန်း |
|---|---|
| 1. You were ......<br>မင်းဖြစ်ခဲ့တယ်။ မင်းရှိခဲ့တယ်။ | 1. You were ......<br>မင်းတို့ဖြစ်ခဲ့ကြတယ်/ရှိခဲ့ကြတယ်။ |
| 2. You were not........<br>မင်းမဖြစ်ခဲ့ဘူး/မရှိခဲ့ဘူး။ | 2. You were not.......<br>မင်းတို့မဖြစ်ခဲ့ကြဘူးလား/မရှိခဲ့ကြဘူးလား။ |
| 3. Were you......?<br>မင်းဖြစ်ခဲ့သလား မင်းရှိခဲ့သလား။ | 3. Were you...........?<br>မင်းတို့ဖြစ်ခဲ့ကြသလား/ရှိခဲ့ကြသလား။ |
| 4. Were you not........<br>မင်းမဖြစ်ခဲ့ဘူးလား/မရှိခဲ့ဘူးလား။ | 4. Were you not........?<br>မင်းတို့မဖြစ်ခဲ့ကြဘူးလား/မရှိခဲ့ကြဘူးလား။ |

မှတ်ချက်။ ။ Second Person You နှင့် ရေးသောအခါ You was ဘယ်သောအခါမှ အသုံးမရှိပေ။ You were သာဖြစ်သည်။

mgyoe.com

mgyoe.com

## Third Person (တတိယလူ)

| Singular Number<br>အနည်းကိန်း | Plural Number<br>အများကိန်း |
|---|---|
| 1. He was ......<br>သူဖြစ်ခဲ့တယ်၊ သူရှိခဲ့တယ်။ | 1. They were ......<br>သူတို့ဖြစ်ခဲ့ကြတယ်/ရှိခဲ့ကြတယ်။ |
| 2. He was not......<br>သူမဖြစ်ခဲ့ဘူး၊ သူမရှိခဲ့ဘူး။ | 2. They were not.......<br>သူတို့မဖြစ်ခဲ့ကြဘူး/မရှိခဲ့ကြဘူး။ |
| 3. Was he.......?<br>သူဖြစ်ခဲ့သလား၊ သူရှိခဲ့သလား။ | 3. Were they .........?<br>သူတို့ဖြစ်ခဲ့ကြသလား/ရှိခဲ့ကြသလား။ |
| 4. Was he not.......?<br>သူမဖြစ်ခဲ့ဘူးလား၊ သူမရှိခဲ့ဘူးလား။ | 4. Were they not......?<br>သူတို့မဖြစ်ခဲ့ကြဘူးလား/မရှိခဲ့ကြဘူးလား။ |
| 1. She was .......<br>သူမဖြစ်ခဲ့တယ်၊ သူမရှိခဲ့တယ်။ | 1. They were......<br>သူမတို့ဖြစ်ခဲ့ကြတယ်/ရှိခဲ့ကြတယ်။ |
| 2. She was not.....<br>သူမ မဖြစ်ခဲ့ပါ၊ သူမ မရှိခဲ့ပါ။ | 2. They were not........<br>သူမတို့မဖြစ်ခဲ့ကြပါ/မရှိခဲ့ကြပါ။ |
| 3. Was she........?<br>သူမဖြစ်ခဲ့သလား၊ သူမရှိခဲ့သလား။ | 3. Were they .......?<br>သူမတို့ဖြစ်ခဲ့ကြသလား/ရှိခဲ့ကြသလား။ |
| 4. Was she not......?<br>သူမ မဖြစ်ခဲ့ဘူးလား/မရှိခဲ့ဘူးလား။ | 4. Were they not.........?<br>သူမတို့မဖြစ်ခဲ့ကြဘူးလား/မရှိခဲ့ကြဘူးလား။ |
| 1. It was.......<br>ထိုဟာဖြစ်ခဲ့တယ်၊ ထိုဟာရှိခဲ့တယ်။ | 1. They were..........<br>ထိုဟာတို့ဖြစ်ခဲ့ကြတယ်/ရှိခဲ့ကြတယ်။ |
| 2. It was not........<br>ထိုဟာမဖြစ်ခဲ့ဘူး၊ ထိုဟာမရှိခဲ့ဘူး။ | 2. They were not.......<br>ထိုဟာတို့မဖြစ်ခဲ့ကြဘူး/ရှိခဲ့ကြသလား။ |
| 3. Was it.....?<br>ထိုဟာဖြစ်ခဲ့သလား/ရှိခဲ့သလား။ | 3. Were they.........?<br>ထိုဟာတို့ဖြစ်ခဲ့ကြသလား/ရှိခဲ့ကြသလား။ |
| 4. Was it not........?<br>ထိုဟာမဖြစ်ခဲ့ဘူး/မရှိခဲ့ဘူးလား။ | 4. Were they not........?<br>ထိုဟာတို့မဖြစ်ခဲ့ကြဘူးလား/မရှိခဲ့ကြဘူးလား။ |

◈ ◈ ◈ ◈ ◈ ◈ ◈



## SIMPLE FUTURE TENSE

## Will be လိမ့်မည်၊ ကြလိမ့်မည်၊ မယ်။

### First Person (ပထမလူ)

| Singular Number<br>အနည်းကိန်း | Plural Number<br>အများကိန်း |
|---|---|
| 1. I will be ......<br>ငါဖြစ်လိမ့်မည်၊ ငါရှိလိမ့်မည်။ | 1. We will be ......<br>ငါတို့ဖြစ်ကြလိမ့်မည်၊ ရှိကြလိမ့်မည်။ |
| 2. I will not be........<br>ငါဖြစ်လိမ့်မည်မဟုတ်<br>ငါရှိလိမ့်မည်မဟုတ်။ | 2. We will not be....<br>ငါတို့ဖြစ်ကြလိမ့်မည်မဟုတ်<br>ရှိကြလိမ့်မည်မဟုတ်။ |
| 3. Will I be.........?<br>ငါဖြစ်လိမ့်မလား၊ ငါရှိလိမ့်မလား။ | 3. Will we be.......?<br>ငါတို့သည်ဖြစ်ကြလိမ့်မလား၊ ရှိကြလိမ့်မလား။ |
| 4. Will I not be........?<br>ငါဖြစ်လိမ့်မည်မဟုတ်ဘူးလား။<br>ငါရှိလိမ့်မည်မဟုတ်ဘူးလား။ | 4. Will we not be.....?<br>ငါတို့သည်ဖြစ်ကြလိမ့်မည်မဟုတ်ဘူးလား။<br>ရှိကြလိမ့်မည်မဟုတ်ဘူးလား။ |

### Second Person (ဒုတိယလူ)

| Singular Number<br>အနည်းကိန်း | Plural Number<br>အများကိန်း |
|---|---|
| 1. You will be ......<br>မင်းဖြစ်လိမ့်မည်၊ မင်းရှိလိမ့်မည်။ | 1. You wil be ......<br>မင်းတို့ဖြစ်ကြလိမ့်မည်၊ မင်းတို့ရှိကြလိမ့်မည်။ |
| 2. You will not be........<br>မင်းဖြစ်လိမ့်မည်မဟုတ် မင်းရှိလိမ့်မည်မဟုတ်။ | 2. You will not be......<br>မင်းတို့ဖြစ်ကြလိမ့်မလား၊ ရှိကြလိမ့်မလား။ |
| 3. Will you be........?<br>မင်းဖြစ်လိမ့်မလား၊ မင်းရှိလိမ့်မလား။ | 3. Will you be.......?<br>မင်းတို့ဖြစ်ကြလိမ့်မလား၊ ရှိကြလိမ့်မလား။ |

mgyoe.com

4. Will you not be......? 4. Will you not be......?
မင်းဖြစ်လိမ့်မည် မဟုတ်ဘူးလား။ မင်းရှိလိမ့်မည် မဟုတ်ဘူးလား။
မင်းတို့ဖြစ်ကြလိမ့်မည်မဟုတ်ဘူးလား။ ရှိကြလိမ့်မည် မဟုတ်ဘူးလား။

## Third Person (တတိယလူ)

| Singular Number | Plural Number |
|---|---|
| အနည်းကိန်း | အများကိန်း |
| 1. He will be ...... | 1. They wil be ...... |
| သူဖြစ်လိမ့်မည် သူရှိလိမ့်မည်။ | သူတို့ဖြစ်ကြလိမ့်မည် သူတို့ ရှိကြလိမ့်မည်။ |
| 2. He will not be........ | 2. They will not be...... |
| သူဖြစ်လိမ့်မည် မဟုတ် သူရှိလိမ့်မည် မဟုတ်။ | သူတို့ဖြစ်ကြလိမ့်မည်မဟုတ် သူတို့ ရှိကြလိမ့်မည်မဟုတ်။ |
| 3. Will he be.......? | 3. Will they be.......? |
| သူဖြစ်လိမ့်မလား။ သူရှိလိမ့်မလား။ | သူတို့ဖြစ်ကြလိမ့်မလား။ သူတို့ရှိကြလိမ့်မလား။ |
| 4. Will he not be.......? | 4. Will they not be.....? |
| သူဖြစ်လိမ့်မည်မဟုတ်ဘူးလား။ သူရှိလိမ့်မည်မဟုတ်ဘူးလား။ | သူတို့ဖြစ်ကြလိမ့်မယ် မဟုတ်ဘူးလား။ သူတို့ရှိကြလိမ့်မယ် မဟုတ်ဘူးလား။ |
| 1. She will be........ | 1. They will be...... |
| သူမဖြစ်လိမ့်မည် သူမရှိလိမ့်မည်။ | သူတို့ဖြစ်ကြလိမ့်မယ် သူတို့ရှိကြလိမ့်မည်။ |
| 2. She will not be..... | 2. They will not be...... |
| သူမ ဖြစ်လိမ့်မယ်မဟုတ် သူမရှိလိမ့်မယ်မဟုတ် | သူတို့ဖြစ်ကြလိမ့်မည်မဟုတ် သူတို့ ရှိကြလိမ့်မည်မဟုတ်။ |
| 3. Will she be........? | 3. Will they be.......? |
| သူမဖြစ်လိမ့်မလား။ သူမရှိလိမ့်မလား။ | သူတို့ဖြစ်ကြလိမ့်မလား။ သူတို့ရှိကြလိမ့်မလား။ |
| 4. Will she not be........? | 4. Will they not be....? |
| သူမဖြစ်လိမ့်မယ်မဟုတ်ဘူး။ သူမရှိလိမ့်မည်မဟုတ်ဘူးလား။ | သူတို့ဖြစ်ကြလိမ့်မယ် မဟုတ်ဘူးလား။ သူတို့ရှိကြလိမ့်မယ် မဟုတ်ဘူးလား။ |

အထက်ပါဝါကျများ၏ ကွက်လပ်များကို စကားလုံး (၅)မျိုးထဲမှ တစ်မျိုး မျိုးဖြင့် ဖြည့်စွက်ရေးရမည်။ စကားလုံး (၅)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

1. Noun နာမ် (သို့မဟုတ်) Pronoun နာမ်စား
2. Place နေရာပြသည့် စကားလုံး/စကားစု
3. Adjective နာမဝိသေသန
4. Present Participle (verb+ing)
5. Past Participle (ed/en စသည်တို့ပါရှိသည့် ကြိယာသဏ္ဌာန်)

အထက်ပါစကားလုံး (၅)လုံးကို ဖြည့်စွက်ပြီး စာသင်သားများလေ့လာသူများ မှတ်သားလွယ်ကူအောင် အောက်ပါအတိုင်းမှတ်သားပါ။

### စာရေးနည်း (၅) မျိုး

1. Noun + be + Noun ရေးနည်း
   I am a student.
   ငါသည် ကျောင်းသားတစ်ယောက် ဖြစ်သည်။
2. Noun + be + Place ရေးနည်း
   I am in the class.
   ငါသည် စာသင်ခန်းထဲမှာ ရှိသည်။
3. Noun + be + Adjective ရေးနည်း
   I am clever.
   ငါသည် တော်သည်။
4. Noun + be + Present Participle ရေးနည်း
   I am reading.
   ငါသည် စာဖတ်နေသည်။
5. Noun + be + Past Participle ရေးနည်း
   I am punished by the teacher.
   ငါသည် ဆရာ၏ အပြစ်ပေးခြင်းကို ခံရသည်။

mgyoe.com

mgyoe.com

မှတ်ချက်။ ။ Present Participle နှင့် Past Participle တို့သည် Verb ကြိယာအစစ်များမဟုတ်ပါ။ နာမဝိသေသနများ Adjective ကဲ့သို့ အဓိပ္ပါယ် ပါရှိသော စကားလုံးဖြစ်သည်။ Present Participle သည် "ပြုလုပ်ခြင်း" ကို ဖော်ပြ၍ Past Participle သည် "ခံရခြင်း" ကို ဖော်ပြသည်။

◈ ◈ ◈ ◈ ◈ ◈ ◈

## သင်ခန်းစာ ( ၅ )

## ARTICLES နာမ်ညွှန်းစကားလုံးများ

## A, AN, THE

a, an, the တို့ကို articles နာမ်ညွှန်းစကားလုံးများဟု ခေါ်သည်။ နာမ်ညွှန်းစကားလုံးသည် နှစ်မျိုးရှိသည်။ ၎င်းတို့မှာ -

1. Indefinite Articles  မသိနာမ်ညွှန်းစကားလုံး
2. Definite Articels  သိနာမ်ညွှန်းစကားလုံး ဖြစ်သည်။

**1. Indefinite Articles** မသိနာမ်ညွှန်းစကားလုံး (မတိကျတဲ့နာမ်ညွှန်း)

a, an ကို မတိကျသော Articles ဟုခေါ်ပါသည်။ တိတိကျကျ မသိရသေးသော Noun တွေ၏ ရှေ့မှာအသုံးပြုရပါမည်။ မသိနာမ်ညွှန်းဆိုသည်မှာ ဘယ်သူ ဘယ်ဟာမှန်းမသိသည့် မတိကျသည့် နာမ်ကိုညွှန်းဆိုသည့်စကားလုံးဖြစ်သည်။

### A ရဲ့ အသုံးအနှုန်း

| | |
|---|---|
| A man | A woman |
| လူကြီးတစ်ယောက် | မိန်းမကြီးတစ်ယောက် |

လူကြီးတစ်ယောက် မိန်းမကြီးတစ်ယောက်လို့ပြောဆိုခြင်းသည် ဘယ်သူမှန်း မသိသေးသောလူလို့ပြောလိုခြင်းဖြစ်သည်။

### An ရဲ့ အသုံးအနှုန်း

Vowel sound 'အ' အသံနှင့်စသည့် စကားလုံးများ၏ ရှေ့မှာ A အစား An ကို အသုံးပြုရသည်။ a, e, i, o, u နှင့် စရုံစ မစချင်နေပါ။ 'အ' အသံဖြင့်စလျှင် An ကိုသုံးရပါသည်။

| | |
|---|---|
| An umbrella | A university student |
| ထီးတစ်လက် | တက္ကသိုလ်ကျောင်းသားတစ်ယောက် |
| An hour | A house |
| တစ်နာရီ | အိမ်တစ်လုံး |

U နှင့်စတာချင်းတူပေမယ့် umbrella က 'အ' အသံထွက်၍ university student က 'အ' အသံမထွက်ပေ။ Consonant Sound ဖြစ်နေသည်။ 'ယ' အသံထွက်သည်။ ထို့ကြောင့် A ကိုသုံးခြင်းဖြစ်သည်။

**2. Definite Articels** သိနာမ်ညွှန်းစကားလုံး (တိကျတဲ့နာမ်ညွှန်း)

တိတိကျကျသိသော Noun တွေရဲ့ရှေ့မှာ အသုံးပြုရသည်။ သိနာမ်ညွှန်းဆိုသည်မှာ ဘယ်သူ ဘယ်ဟာလို့သိသည့် တိကျသည့်နာမ်ကို ညွှန်းဆိုသည့်စကားလုံးဖြစ်သည်။

| | |
|---|---|
| The man | The woman |
| လူကြီး | မိန်းမကြီး |

သိပြီးသား လူကြီး၊ သိပြီးသားမိန်းမကြီးကို ညွှန်းဆိုသည်။

အထူးမှတ်ရန် - The ကို အများသိပြီးသား၊ အသုံးအနှုန်းများအပြင် အောက်ပါနာမ်တွေရဲ့ ရှေ့မှာသုံးခြင်း နှစ်ခုမရှိ အတုမရှိသော (ဝါ) ယင်းသို့ ယူဆရသော အရာများ။

| | | | |
|---|---|---|---|
| The earth | the sea | the sky | the san |
| ကမ္ဘာမြေကြီး | ပင်လယ် | မိုးကောင်းကင် | နေ |

### THE အသုံး

- * အများအားလုံး the မသုံး။ (မသုံး)
- * တစ်နှန်းပြည့်ပုံမှာ (မသုံး)
- * များတော့များတယ်၊ အချို့မယ် သုံးကွယ် the ကိုသာ

1. Monkeys are funny.

    မျောက်များသည် ရယ်စရာကောင်းသည်။

    (တစ်မျိုးလုံးကို/ ရှိရှိသမျှ မျောက်များကို ကိုယ်စားပြုရည်ညွှန်းသည်။ the မသုံးရ)

    Dogs are faithful.

    ခွေးများသည် သစ္စာရှိကြသည်။

    (ခွေးတစ်မျိုးလုံးကို ညွှန်းဆိုသည် the မထည့်ရ)

2. They are dogs.

    သူတို့သည် ခွေးများဖြစ်ကြသည်။

    They are monkeys.

    သူတို့သည် မျောက်များဖြစ်ကြသည်။

mgyoe.com

mgyoe.com

(Noun complement နာမ်အပြည့်ခံ တန်ဖိုးပြည့်ဖြစ်သည်။ the မသုံးရ)

3. The monkeys in the Zoo are thin.

တိရစ္ဆာန်ရုံထဲက မျောက်များသည် ပိန်ကြသည်။

The birds are on the tree.

ငှက်များသည် သစ်ပင်ပေါ်မှာရှိကြသည်။

The dogs are biting.

ခွေးများသည် ကိုက်နေကြသည်။

(များတော့များသည်။ အချို့ဖြစ်သည် တစ်မျိုးလုံးမဖြစ်နိုင်ပေ။ ထို့ကြောင့် the ကို သုံးသည်။)

## ARTICLES OR DETERMINERS
## အာတီကယ်လ်ခေါ် A, AN, THE သုံးပုံသုံးနည်း

The , A, An, တို့ကို Articles ဟုခေါ်သည်။ Determiniers လို့လည်းခေါ်သည်။ The ကို Definite Article ဟုခေါ်သည်။ ဘာကြောင့်လဲဆိုရင် ယင်းစကားလုံးက တိကျတဲ့ သိပြီးသားဖြစ်တဲ့လူ သို့မဟုတ် အရာဝတ္ထုကို အောက်ပါအတိုင်းညွှန်ပြလို့။

He saw the doctor.

သူသည် ဆရာဝန်ကိုတွေ့ ခဲ့သည်။

သူတွေ့ ခဲ့တဲ့ဆရာဝန်ဟာ သတ်မှတ်ပြီးသားဖြစ်တဲ့ တစ်နည်းပြောရရင် သိပြီးသားဖြစ်တဲ့ ဆရာဝန်ကိုဆိုလိုခြင်းဖြစ်တယ်။ ဆရာဝန်ဖြစ်ရင်ပြီးရောဆိုတဲ့ သဘောနဲ့ ဘယ်ဆရာဝန် ကိုပဲဖြစ်ဖြစ် တွေ့ ချင်ခြင်း တစ်ယောက်သော ဆရာဝန်ကို တွေ့ ချင်ခြင်းရယ် လို့ ဆိုလိုရာမရောက်ဘူး။

He wants the book.

သူသည် စာအုပ်ကို လိုချင်သည်။

သတ်မှတ်ထားတဲ့ သိပြီးသားဖြစ်တဲ့ စာအုပ်ကိုသာလိုချင်တဲ့သဘော။

A နှင့် An ကို indefinite Article ဟုခေါ်သည်။ ဘာကြောင့်လဲဆိုရင် ယင်းစကားလုံးတွေနဲ့ အတူပြခဲ့ရတဲ့ နာမ်ဟာသတ်မှတ်ထားတဲ့ သိပြီးသားဖြစ်တဲ့ သဘော မရှိဘူး။ သတ်မှတ်မထားတဲ့ မသိသေးတဲ့သဘောရှိသည်။

Send for a doctor.

ဆရာဝန်တစ်ယောက်ပင့်ခေါ်ပါ။

ဆရာဝန်ဦးမြ ဦးညိုလို့ သတ်မှတ်ထားခြင်းမရှိဘူး။ ဘယ်ဆရာဝန်ကိုပဲခေါ်လာ ခေါ်လာ ဖြစ်တယ်။ ဆရာဝန်ဖြစ်ရင်ပြီးရောဆိုတဲ့သဘော။

I want a pencil.

ကျွန်ုပ် ခဲတံတစ်ချောင်းလိုချင်သည်။

ဘယ်ခဲတံရရ ဆိုတဲ့သဘော ခဲတံဖြစ်ရင်ပြီးရော။

An ကိုတော့ Vowel Sound သရသံ (ဆိုလိုသည်မှာ A, E, I, O, U)သံ တစ်နည်း 'အ' သံထွက်တဲ့စကားလုံးရဲ့ရှေ့၌ဖြစ်စေ H နဲ့စပေမယ့် H အသံမထွက်တဲ့ 'အ' အသံထွက်တဲ့ စကားလုံးရဲ့ရှေ့မှာဖြစ်စေ A ရဲ့အစားအသုံးပြုတယ်။ အောက်ပါ ဥပမာများကိုလေ့လာပါ။

| | | |
|---|---|---|
| an ass | an enemy | an inkstand |
| မြည်းတစ်ကောင် | ရန်သူတစ်ယောက် | မင်အိုးတင်ခုံတစ်ခု |
| an office | an orange | an hour |
| ရုံးတစ်ရုံး | လိမ္မော်သီးတစ်လုံး | တစ်နာရီ |
| an heir | an honest man | an engineer |
| အမွေခံသူတစ်ယောက် | ရိုးသားသောလူတစ်ယောက် | အင်ဂျင်နီယာတစ်ယောက် |

အောက်ပါစကားလုံးများရဲ့ရှေ့မှာ A ကိုသာ အသုံးပြုတယ်။ လေ့လာမှတ်သားပါ။

| | |
|---|---|
| A Europen | ဥရောပတိုက်သားတစ်ယောက် |
| A university | တက္ကသိုလ်တစ်ခု |
| A union | ပြည်ထောင်စုတစ်ခု (သို့) သမဂ္ဂအဖွဲ့အစည်းတစ်ခု |

အဘယ့်ကြောင့်ဆိုသော် အထက်ပါစကားလုံးတွေသည် E တို့ U တို့ နှင့်စပေမယ့် 'အ' အသံမထွက်လို့ဖြစ်သည်။

## EXERCISE (3)

အောက်ပါဝါကျတို့တွင် a သို့မဟုတ် an ကိုထည့်ပေးပါ။

1. U Tun is _____ farmer.
2. His son is _____ doctor.
3. Mya Mya is _____ nurse.
4. A cow is _____ animal.
5. A cow is _____ useful animal.
6. We live in _____ old house.

mgyoe.com

mgyoe.com

7. They live in _____ new house.
8. _____ honest man never tells lies.
9. He is _____ university student.
10. He wants to be _____ engineer.
11. I read _____ book.
12. Soe Soe wrote _____ letter.
13. U Htay bought _____ car.
14. They have _____ house.
15. He looks as stupid as _____ owl.
16. I bought _____ horse _____ ox and _____ buffalo.
17. Copper is _____ useful metal.
18. The children found _____ egg in the nest.
19. I have come without _____ umbrella.
20. Aladdin had _____ wonderful lamp.
21. He returned after _____ hour.
22. I first met him in _____ tea shop.
23. There is _____ tree near the pagoda.
24. Here is _____ Indian boy.
25. He is school boy.

## EXERCISE (4)

အောက်ပါဝါကျများတွင် a သို့မဟုတ် the ကိုထည့်ပေးပါ။

1. _____ sun shines brightly.
2. Hla Hla gave me _____ pen.
3. _____ pen on the dest is mine.
4. I saw _____ young woman.
5. Who is _____ boy standing at the door?
6. We get light and heat from _____ sun.
7. He lives in _____ small town.
8. I read _____ Working Peoples' Daily every day.
9. The tourists will stay at _____ Inya Lake Hotel.
10. Mother is in _____ kitchen.
11. He is _____ cleverest boy in our class.
12. Ma Ma is in _____ garden.
13. He was hit on _____ head.
14. He sent for _____ doctor.
15. She was cut in _____ hand.
16. Here is _____ picture of _____ seaside.
17. There is _____ tree on _____ bank.
18. _____ bigger house is near _____ tree.
19. _____ sun is shining.
20. _____ sun is near _____ cloud.
21. The man in _____ boat is pointing to _____ cloud.

## EXERCISE (5)

Fill in the blank spaces with a, an, or the as may be suitable.

အောက်ပါကွက်လပ်များကို A, An, The ဆီလျော်ရာဖြည့်ပါ။

1. He looks as stupid as _____ owl.

   သူသည် _____ ဇီးကွက်လောက်မိုက်မဲပုံပေါ်သည်။

2. I bought _____ horse _____ ox, and _____ buffalo.

   ကျွန်ုပ်သည် _____ မြင်း _____ နွားနှင့် _____ ကျွဲတို့ကို ဝယ်ခဲ့သည်။

3. The guide knows _____ way.

   လမ်းပြသည် _____ လမ်းခရီးကိုသိသည်။

4. Copper is _____ useful metal.

   ကြေးနီသည် _____ အသုံးဝင်သောသတ္တုဖြစ်သည်။

mgyoe.com

mgyoe.com

5. The children *found* _____ egg in the nest.
   ကလေးများသည် ______ဥကို အသိုက်ထဲတွင်တွေ့ခဲ့သည်။
6. I have come without _____ umbrella.
   ကျွန်ုပ်သည် ______ ထီးမပါဘဲလာသည်။
